

# အစ္စလာမ်နှင့် အမွေပြဿနာ

ဓမ္မသတ်အကြံပေး

အလ်ဟာဂျ် မော်လာနာ ဟာဖိဇ် မုဖ်သီ

မုဟမ္မဒ် အိဗ်ရာဟီမ် သဏုံ

(မန္တာဟောရီ)



ပြန်ဆိုရေးသားသူ

မော်လဝီ ဂါဇီ ကရီးမ်ဘခ်ရှ် ဦးစိုးလွင်

(ဓမ်မှူး)

မုချကေန်အကျဉ်သူများသည် ဘမဲ့ကလေးငယ်များ၏ ဥစ္စာပစ္စည်းများကို မတရားသဖြင့် စားသုံးကြ၏။ မုချကေန် ထိုသူများသည် မိမိတို့ဝမ်းဗိုက်တွင်းသို့မီး(မီးကျီးခဲ)ကိုသာလျှင် (ထည့်သွင်း) စားသုံးကြ၏။ ၎င်းပြင် ထိုသူများသည် မကြာမြင့်မီ အတွင်း အလျှံပြောင်ပြောင်တောက်လောင်လျက်ရှိသော ငရဲသို့ သက်ဆင်းဝင်ရောက်လာကြရပေမည်။ *ကုရ်အာန် (၄း၁၀)*

# အစ္စလာမ် နှင့် အမွေပြဿနာ

စိစဉ်ရေးသားသူ

**ဟစ်ရသ် မော်လာနာ မွစ်သိ အမ်ဒွရ်ရအူးဖ်**

တာဒီစ်ပါမော်ကခ္ချုပ် - ဒါရုလ်အုလူမ်-တရာဒျီ

(ပြန်ဆိုရေးသားသူ)

**မော်လဝီ, ဂါရီ, ထရီးမ်ဘာစ်ရှ် ဦးရိုးလွင် (ဖယ်ဇူဇီ)**

# အစ္စလာမ်နှင့် အမွေပြဿနာ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | သူသေ၏ ကျန်ရစ်ဥစ္စာပစ္စည်းတွင် ဖြစ်ပေါ်လာသော ဝတ္တရား (၄) ရပ်။ | ၃ |
| ၂။ | ပထမဝတ္တရား။ | ၄ |
| ၃။ | ဒုတိယဝတ္တရား။ | ၄ |
| ၄။ | မုဆိုးမအား အတင်းအဓမ္မ မဟရ် ခွင့်လွှတ်ရန်တိုက်တွန်းခြင်း။ | ၅ |
| ၅။ | ထိမ်းမြားပြီး မင်္ဂလာဦးညတွင် ဇနီးသည်အား "မဟရ်" မှအာဗ် ခွင့်လွှတ်စေခြင်း။ | ၆ |
| ၆။ | အမွေဆက်ခံသူများအနေဖြင့်သူသေ၏ ကြွေးမြီများပေးဆပ်ရန်။ | ၇ |
| ၇။ | တတိယဝတ္တရား။ | ၈ |
| ၈။ | စတုတ္ထတာဝန် ဝတ္တရား။ | ၁၁ |
| ၉။ | သူသေ၏ ကျန်ရစ်ဥစ္စာပစ္စည်းများအားသုံးစွဲခြင်း။ | ၁၃ |
| ၁၀။ | အိမာမ် အဗူဟနီဖာဟ်(ရဟ်) သခင်၏ဆင်ခြင်မှု။ | ၁၄ |
| ၁၁။ | ကျွန်ုပ်တို့၏ဆင်ခြင်မှု။ | ၁၅ |
| ၁၂။ | အမွေမခွဲဝေပေးခြင်းတွင် ကြီးမားလှသော မတရားမှုကြီး (၃) ရပ်။ | ၁၆ |
| ၁၃။ | သေဆုံးကွယ်လွန်မှု ဖြစ်ပွားပြီး အမြန်ဆုံးအမွေ ခွဲဝေပေးခြင်း။ | ၁၈ |
| ၁၄။ | ထာနဝီသခင်နှင့် အဖန်ဆင်းခံတို့၏ ဝတ္တရား။ | ၁၉ |
| ၁၅။ | အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေမှုသည် ခက်ခဲသောကိစ္စရပ်ကိုပင် လွယ်ကူသွားစေ၏။ | ၂၁ |
| ၁၆။ | ကျွန်ုပ်ဘိုးတော်၏ဓလေ့။ | ၂၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | သူတစ်ပါး၏ဥစ္စာပစ္စည်းအား မြို၍ ရယူလိုက်ခြင်းသည် မတရားမှုပင်ဖြစ်၏။ | ၂၄ |
| ၁၈။ | ကျွန်ုပ်တို့၏အသိုင်းအဝိုင်းတွင် ပျံ့နှံ့နေသော မတရားမှု။ | ၂၇ |
| ၁၉။ | ကြောက်မက်ဖွယ်ကောင်းလှသော ဖြစ်စဉ်တစ်ရပ်။ | ၂၈ |
| ၂၀။ | ဆွဟာဗဟ်နစ်ပါး၏ အထူးကတိသစ္စာ။ | ၃၂ |
| ၂၁။ | ဒီနာရ် (၁၀) စုအတွက် အဓါးဓ်အပြစ်ဒဏ်။ | ၃၄ |
| ၂၂။ | လက်ချောင်းများတွင် နာကျင်ခံစားရမှု။ | ၃၅ |
| ၂၃။ | တမန်တော်မြတ်တောင်းဆုပြုခြင်း၏အကျိုးကျေးဇူး | ၃၆ |
| ၂၄။ | သမီးအား စန်းဝင်ပစ္စည်းများ ထည့်ပေးခြင်းဖြင့် အမွေရပိုင်ခွင့်တွင် မည်သို့မျှ လျော့မသွားပေ။ | ၃၈ |
| ၂၅။ | အစ်ကို/မောင် လိုသလော?၊ ဥစ္စာလိုသလော?။ | ၄၀ |
| ၂၆။ | ညီအစ်မများထံမှ 'အမွေ' အားလွှဲပြောင်းရယူခြင်း။ | ၄၁ |
| ၂၇။ | အစွလာမ်မှအပ အခြားအယူအဆ။ | ၄၃ |
| ၂၈။ | အမျိုးသမီးတို့၏ဝေစုအား ယင်းတို့၏လက်ဝယ်သို့ ဦးစွာအပ်နှံရန်။ | ၄၅ |
| ၂၉။ | အိမ်တွင်းရေးပစ္စည်းပစ္စယများအပေါ် စနီး(သို့)သမီးမိန်းကလေးတို့၏ လက်ဝါးကြီးအုပ်မှု | ၄၆။ |
| ၃၀။ | ဦးစွာ 'ဓမ္မသတ်' ရယူပါလေ။ | ၄၇။ |
| ၃၂ | ကြောက်မက်ဖွယ် အဓါးဓ်နှင့် ရင်ထိတ်ဖွယ် သတိပေးချက်။ | ၄၈။ |
| ၃၃။ | ဘာသက်ဆိုးကလေးငယ်များ၏ ပစ္စည်းအား စားသောခြင်း 'ဟရာမ်' ဖြစ်၏။ | ၄၉။ |
| ၃၄။ | သူဆင်းရဲဟူသည် မည်သူနည်း။ | ၅၁ |
| ၃၅။ | လူတိုင်းအတွက် စာရင်းမှတ်တမ်း။ | ၅၄ |
| ၃၆။ | အဖန်ဆင်းခံအချင်းချင်း၏ အခွင့်အရေးအား အပြည့်အဝဖြည့်ဆည်းရန် အလေးထားလေကုန်။ | ၅၆ |

# [illegible]

**နဟ်မဒေါ့ဟူ ဝနဆွာလ်လီ အလာ ရရူလီဟီလ် ကရီးမ်။**

အလ္လာဟ်အရှင်မြတ်၏မဟာကရုဏာတော်ဖြင့် ယနေ့ ကျွန်ုပ်တို့သည် အဖန်ဆင်းခံသတ္တဝါအပေါင်းတွင် 'လူသား' အဖြစ် ရပ်တည်လျက်ရှိနေကြ၏။ တဖန် အလ္လာဟ်အရှင်မြတ်၏ မဟာကျေးဇူးတော်ဖြင့် ထိုလူသားများတွင် တမန်တော်ချုပ် မုဟမ္မဒ်သခင် (ဆွ) ၏ နောက်လိုက်တပည့် 'အွမ္မသီ' များအဖြစ် ရပ်တည်လျက်ရှိနေကြပြန်၏။

သို့သော် ကိယာမသ် ကမ္ဘာ့တရားစီရင်မည့်နေ့တွင်လည်း ထိုတမန်တော်ချုပ်၏ နောက်လိုက်အဖြစ်တည်ရှိနေရန်မှာ အလွန်အရေးကြီးလှပေ၏။ သို့မှသာ 'ကောင်စရ်' ရေကန်၏ 'ရေ' ကို သောက်သုံးခွင့်ရရှိပြီး ဂျန္နသ်သုခဘုံထဲသို့ ဝင်ရောက်ရလိမ့်မည်ဖြစ်၏။

ထိုသို့တမန်တော်ချုပ်၏နောက်လိုက်တပည့် ပီသရန်အတွက် တမန်တော်ချုပ်သည် မည်သည့်တရားဒေသနာတော်များအား ယူဆောင်လာခဲ့သည်ကို ကျွန်ုပ်တို့ဦးစွာ နားလည် သိရှိရပေမည်။ ထိုတမန်တော်ချုပ်ယူဆောင်လာခဲ့သော တရားဒေသနာတော်များအား ခြုံငုံသုံးသပ်ကြည့်ပါလျှင် အချက်ကြီးနှစ်ချက်ပေါ်၌သာ မူတည်နေကြောင်း တွေ့ရှိရပေမည်။

ယင်းတို့မှာ . . . .

(၁) ဖန်ဆင်းရှင်နှင့်စပ်လျဉ်းသည့် တာဝန်ဝတ္တရာများ
(၂) အဖန်ဆင်းခံအချင်းချင်းနှင့် ပတ်သက်သည့်တာဝန်ဝတ္တရားများပင် ဖြစ်၏။

ယနေ့ဝမ်းနည်းဖွယ်ကောင်းလှသည်မှာ . . . . . . . .

ကျွန်ုပ်တို့ အစ္စလာမ်ဘာသာဝင်အချို့သည် ဖော်ပြပ် ပထမတာဝန်ဝတ္တရားများကိုတော့ တတ်နိုင်သရွေ့ တာဝန်ကျေကြလေ၏။ သို့သော် ဒုတိယတာဝန်ဝတ္တရားများနှင့် ပတ်သက်၍ မည်သို့မျှ ဂရုမမူကြပေ။ တမန်တော်ချုပ်ယူဆောင်လာသော သာသနာသည် 'နမာဇ် ရိုဇဟ် ဇကားသ် ဟဂ်ျ ဆွာဒ်ကဟ် သဗ်လီးဂ်' စသည့် ပထမတာဝန်ဝတ္တရား 'ဟုကူကုလ်လာဟ်' ဖြင့်သာ ပြီးဆုံးသွားသည်ဟု လှေနံဓားထစ် သတ်မှတ်ယူဆကြလေ၏။ ဒုတိယတာဝန်ဝတ္တရားများနှင့် ပတ်သက်၍ ပေါ့ပေါ့တန်တန်ယူဆကာ မိမိတို့ပြုချင်လိုသည်ကို အသိုင်းအဝိုင်း၏အခြေအနေအပေါ်မူတည်၍ 'လူမှုရေး' ဟု ကင်းပွန်းတပ်ကာ ပြုလုပ်တတ်ကြလေ၏။

ဥပမာ - . . .

(၁) ယနေ့စီးပွားရေးလောကတွင် ကျွန်ုပ်တို့အစ္စလာမ် ဘာသာဝင်များအချို့သည် မတည်ငွေအချို့အား အစုရှယ်ယာ အဖြစ်ပါဝင်ကာ အရှုံးမရှိသော ပုံသေအမြတ်အစွန်းကို ရယူစားသုံးလျှက်ရှိနေကြ၏။ ထို့နောက် စီးပွားရေးလောကတွင် အများက ဤသို့ပင်ပြုလုပ်နေကြခြင်းဖြစ်၍ ယင်းကိစ္စသည် သာမန်စီးပွားရေးကိစ္စသာဖြစ်ပြီး ဘာသာရေးနှင့်မည်သို့မျှ မဆက်နွယ်ဟု ခံယူထားကြလေ၏။

(၂) တစ်ဦးတစ်ယောက်ထံမှ ငွေကြေးတစ်စုံတစ်ရာချေးငှား ရယူပြီး ပေးဆပ်ရန်အခက်အခဲတစ်စုံတစ်ရာနှင့် တွေ့ကြုံရသော အခါ 'မရှိတာကို ဘာတတ်နိုင်ပါ့မလဲ၊ အသားလှီး၍ပေးရမည် လော?' . . . . ဟု အလွယ်တကူဖြေကြားကာ ထိုကြွေးမြီအား ပေးဆပ်ရန်ထပ်မံ မကြိုးစားတော့ဘဲ ကြွေးလျှော်လိုက်လေတော့ ၏၊

(၃) ဖခင်သေဆုံးကွယ်လွန်သွားသောအခါ ဖခင်၏ကျန်ရစ် ဥစ္စာပစ္စည်းများအား အမွေခွဲဝေရယူလို၍ အမွေဆိုင်တစ်ဦး တစ်ယောက်ကတောင်းဆိုလာသောအခါ . . . . . .

ကျွန်ုပ်တို့၏အသိုင်းအဝိုင်းတွင် အစ္စလာမ့်ဥပဒေ ပြဋ္ဌာန်းချက်ကို ကျော်ခိုင်းပြီး ' လူမှုရေး' ဟူသည့် ဒဿနဖြင့် အကြောင်းပြကာ ဤသို့ပြောဆိုလာကြတော့၏၊

' ဖခင်သေဆုံးသည်မှာ တစ်နှစ်ပင်မရှိသေးပေ၊ ယခုမှ ပင် မည်သူမည်ဝါက အမွေမက်၍ အမွေတောင်းခံလာချေပြီ၊ မိခင်ဖြင့် ငုတ်တုတ်ရှိသေး၏၊ အမွေဆိုသည်မှာ ဖခင်သေဆုံးပြီး မိခင်တစ်ယောက်လုံး အသက်ရှင်နေသရွေ့ အဘယ်ကဲ့သို့ အမွေခွဲရမည်နည်း၊ သားသမီးများအား အမွေခွဲဝေပေး၍ မိခင် က အိုးမဲ့အိမ်မဲ့အဖြစ်ခံရမည်လော၊ ထို့ကြောင့် မိခင်ကွယ်လွန်မှ သာ ဖခင်၏ကျန်ရစ်အမွေအား ခွဲဝေပေးနိုင်မည်၊ '

(၄) တစ်ဖန် မိခင်ကွယ်လွန်သွားသောအခါ 'အစ်ကိုကြီး' 'အစ်မကြီး'များက အဖအရာအမိအရာတွင် ရှိနေပါ၍ ကျန်ညီငယ် 'နှမငယ်'များက ကွယ်လွန်ကြကုန်သော ဖခင်နှင့်မိခင်တို့၏ ကျန်ရစ်ဥစ္စာပစ္စည်းများအား ခွဲဝေရယူလိုက်ကြလျှင် ထိုအစ်မ

ကြီး အစ်ကိုကြီးများက အဘယ်စိတ်ချမ်းသာကြမည်နည်း၊

. . . . . . ဟူသော စသည့်ကိစ္စရပ်များသည် ယနေ့ ကျွန်ုပ်တို့အစ္စလာမ့်အသိုင်းအဝိုင်းတွင် ရံဖန်ရံခါ ဖြစ်ပေါ်လျှက် ရှိနေသည်ကို တွေ့မြင်နိုင်ကြပေ၏။

ကျွန်ုပ်တို့ကောင်းစွာ သိရှိထားရမည်မှာ . . . . . . . . .

အစ္စလာမ်သာသနာဆိုသည်မှာ . . . . . . . . . . . . .

လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး စသည့် အရေး အားလုံးနှင့်ပတ်သက်၍ 'ကုရ်အာန်' 'ဟဒီစ်' က ပြဋ္ဌာန်းထား သော အမိန့်ပညတ်ချက်များကိုသာ အစ္စလာမ်သာသနာဟု ခေါ်ဆိုလေ၏၊ ထို့ကြောင့် အစ္စလာမ်သာသနာသည် ကိယာမသ်နေ့တိုင်ဖြစ်ပေါ်လာမည့် အခြေအနေအရပ်ရပ် အသိုင်းအဝိုင်းအရပ်ရပ်တွင် လိုက်လျှောညီထွေစွာ ကျင့်သုံးနိုင် ရန် စီရင်သတ်မှတ်ပေးထားသော သာသနာပင်ဖြစ်ချေ၏၊

ထို့ကြောင့် ကိယာမသ် နေ့တွင် ပထမတာဝန်ဝတ္တရား ဖြစ်သည့် 'ဟုကူကုလ်လာဟ်' နှင့်ပတ်သက်၍ မည်မျှပင် တာဝန် ကျေပွန်ခဲ့သည်ဖြစ်စေ အဖန်ဆင်းခံတစ်ဦးတစ်ယောက်၏ အခွင့်အရေးတစ်ပြားသားကိုမျှ ပေးဆောင်ရန် ကျန်ရှိနေပါလျှင် ထိုသူသည် မုချ ဂျန္နသ် ထဲသို့ ဝင်ရောက်ရမည်မဟုတ်သေးပေ၊ ထိုအခွင့်အရေးအား ကိယာမသ် ကမ္ဘာ့တရားစီရင်မည့်နေ့တွင် မိမိကောင်းမှုကုသိုလ်မှ အစားပေးချေပြီးကာမှ ဂျန္နသ် ထဲ ဝင်နိုင်လိမ့်မည်ဖြစ်၏၊

ဤသည့် . . . . . . ဒုတိယတာဝန်ဝတ္တရားဖြစ်သည့် 'ဟုကူကုလ်အိဗာသ်' တွင် ကျွန်ုပ်တို့အများအားဖြင့် ပျက်ကွက်

နိုင်ကြသည်ကို စိုးရိမ်ရ၍ ကျွန်ုပ်၏စာရှုပရိသတ်များအတွက် လည်းကောင်း၊ အစွလာမ်ဘာသာဝင်အပေါင်းအတွက် လည်းကောင်း၊ ဤ 'အစ္စလာမ် နှင့် အမွေပြဿနာ' ကျမ်းငယ် အားရေးသားတင်ဆက်လိုက်ခြင်းဖြစ်ပေသည်။

လူသားဖြစ်သည့်အလျောက် ပြန်ဆိုရေးသားရာတွင် မေ့မှားယွင်းမှုတစ်စုံတစ်ရာ ရှိကောင်းရှိနိုင်အံ့၊ သို့ပါ၍ မှားယွင်း မှုတစ်စုံတစ်ရာအား တွေ့ရှိ၍ အထောက်အထားနှင့်တကွ အသိပေးပါကနောင်တစ်ကြိမ် ရိုက်နှိပ်ရာတွင် ပြုပြင်လိုက် ပေမည်။

ဤစာအုပ်ပြန်ဆိုရေးသားခြင်း၏ အကျိုးစဝါဗ်အား ... ကျွန်ုပ်၏လက်ဦးဆရာဖြစ်သူ အဖွား 'ရဟီမာဘီ' နှင့် ကွယ်လွန်သူဆရာသခင်ကြီး မော်လာနာ မက္ကဆူးဒ် အဟ်မဒ် ခါးန် ဦးခင်မောင်ကြီးအားလည်းကောင်း၊ စိစဉ်ရေးသားသူအား သည်းကောင်း၊ အီမာန်နှင့်တကွ သေဆုံးကွယ်လွန်ကြကုန်သော အရ်ဝါအပေါင်းအားလည်းကောင်း၊ ရည်စူးပါ၏။

အလ္လာဟ်အရှင်မြတ်လက်ခံတော်မူ၍'စိစဉ်ရေးသားသူ' ပြန်ဆိုရေးသားသူနှင့် ဖတ်ရှုလေ့လာကြကုန်သော ပုဂ္ဂိုလ် အားလုံးအား နှစ်ဘဝအောင်မြင်မှုပေးသနားတော်မူပါစေသား။

အာမီးန်

K.B စိုးလျှင် (မဟ်မူဒ်)

## သူသေ၏ ကျန်ရစ် ဥစ္စာပစ္စည်းတွင် ဖြစ်ပေါ်လာသော ဝတ္တရား (၄) ရပ်

ကျွန်ုပ်၏ လေးစားအပ်သော ချစ်ပရိသတ်များ ခင်ဗျား...

ယခုအချိန်တွင် ကျွန်ုပ်သည် အစ္စလာမ် အသိုင်းဝိုင်းတွင် များစွာဖြစ်ပေါ်လျက် ရှိနေသည့် အလွန်စက်ဆုပ်ရွံ့ရှာ ကြောက်ရွံ့ဖွယ် ကောင်းလှသော ပေါ့ဆမှုဘက်သို့ မီးမောင်းထိုးပြသလိုပါ၏။ ထိုပေါ့ဆမှုဖြင့် ကျွန်ုပ်တို့၏ အသိုင်းဝိုင်းတွင် မြောက်မြားစွာသော သူတို့သည် ကြီးမားသော ပြစ်မှုကို လွယ်ကူနှစ်ခြိုက်စွာ ကျူးလွန်နေကြကုန်။ ထိုပေါ့ဆမှုအား ကျူးလွန်ရာတွင် သာသနာ့ရေးရာများအား ကောင်းစွာ နားလည်သိရှိပြီး သာသနာရေး ကိစ္စရပ်များအား အမြဲအစဉ် ကျင့်ဆောင်နေကြကုန်သော သူများနှင့် ပညာရှိအတော်များများ ကပင် ပါဝင်ပတ်သက်နေကြောင်း ဝမ်းနည်းကြေကွဲစွာဖြင့် တွေ့ရှိရ လေ၏။

ထိုစက်ဆုပ်ရွံ့ရှာ ရင်ထိတ်ကြောက်လန့်ဖွယ် ကောင်းလှသော ပြစ်မှုကြီးမှာ...

**သူသေ၏ ကျန်ရစ်ဥစ္စာပစ္စည်းများကို သက်ဆိုင်ရာ ရပိုင်ခွင့်ရှိသူတို့အား တိကျမှန်ကန်စွာ ခွဲဝေမပေးခြင်းပင် ဖြစ်၏။**

**ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သေဆုံးကွယ်လွန်သွားသောအခါ ကုရ်အာန်+ဟဒီစ်၏ ပြဋ္ဌာန်းချက်အရ ကွယ်လွန်ပြီးချင်း ကျန်ရစ်ဥစ္စာပစ္စည်းတွင် အဆင့်ဆင့် ဝတ္တရား လေးရပ် ဖြစ်ပေါ်လာပေ၏။**

# ပထမ ဝတ္တရား

## ကဖန်နှင့် မြှုပ်နှံရန် ဝေယျာဝစ္စ

ပထမဦးဆုံး ဝတ္တရားမှာ ...

သူသေ၏ ကျန်ရစ်ဥစ္စာပစ္စည်းများမှ ယင်းအတွက် ကဖန်နှင့် မြှုပ်နှံမှုဆိုင်ရာ ဝေယျာဝစ္စအတွက် အလယ်လတ် အဆင့်ဖြင့်ကုန်ကျခံ သုံးစွဲခြင်းပင် ဖြစ်၏။

အကယ်၍ အခြားတစ်ဦးတစ်ယောက်က မိမိ၏ ကုန်ကျစရိတ် ဖြင့် သူသေ၏ မြှုပ်နှံမှုဆိုင်ရာ ဝေယျာဝစ္စအား တာဝန်ယူဆောင် ရွက်လိုပါကလည်း ဆောင်ရွက်နိုင်ပေ၏။

# ဒုတိယ ဝတ္တရား

## ကြွေးမြီများ ပေးဆပ်ခြင်း

ဒုတိယ ဝတ္တရားမှာ ...

သူသေ၏ပေးရန်ရှိသော ကြွေးမြီများအားကျန်ရစ်ဥစ္စာ ပစ္စည်း များမှ မပျက်မကွက် ပေးဆပ်ခြင်းပင် ဖြစ်၏။ ထို့ကြောင့် သူသေ၏ မြှုပ်နှံမှု ကိစ္စပြီးမြောက်သွားသောအခါ ယင်း၏ပေးရန်ရှိ ကြွေးမြီများအား ယင်း၏ ကျန်ရစ်ပစ္စည်းမှ ဦးစွာ ပေးဆပ်ရမည် ဖြစ်၏။ ထိုသို့ သူသေ၏ ကျန်ရစ်ပစ္စည်း ဥစ္စာမှ ပေးဆပ်ရန်မှာ ကျန်ရစ်သူ မိသားစု၏ တာဝန်ပင် ဖြစ်၏။ ယင်းကြွေးမြီများတွင် ဇနီးသည်အား ပေးဆပ်ရန် ကျန်ရှိသည့် 'မဟာရ်' လည်း ပါဝင်ပေ၏။

ထို့ကြောင့် အကယ်၍ သူသေက အသက်ရှင်နေစဉ် မိမိဇနီးသည်အား 'မဟာရ်' မပေးခဲ့ဘဲ ဇနီးသည်ကလည်း မိမိ၏

လွတ်လပ်သော သဘောဆန္ဒဖြင့် ခွင့်မလွှတ်ခဲ့ပါလျှင် ယင်း'မဟာရ်'အား ကျန်ရစ်ပစ္စည်း ဥစ္စာမှပင် ဇနီးသည်အား ပေးဆပ်ရမည်ဖြစ်၏။ ယင်း 'မဟာရ်'သည် ဇနီးသည်၏ သီးခြားပိုင်ဆိုင်မှု ဖြစ်၏။ ဇနီးသည်က ရထိုက်သည့် အမွေနှင့် မည်သို့မျှ မပတ်သက်ပေ။

သို့ပါ၍ 'မဟာရ်'ကို သီးခြားကြွေးမြီအဆင့်ဖြင့် ဇနီးအား ပေးဆပ်ရမည်ဖြစ်ပြီး ခင်ပွန်း၏ ကျန်ရစ်ပစ္စည်းမှ ဇနီးသည်က ရထိုက်သော အမွေကိုလည်း သီးခြားပေးအပ်ရမည်ဖြစ်၏။

## မုဆိုးမအား အတင်းအဓမ္မ မဟာရ် ခွင့်လွှတ်ရန်တိုက်တွန်းခြင်း

ခင်ပွန်းကွယ်လွန်၍ ဂျနဇဟ်အား အိမ်မှစတင်သယ်ဆောင်တော့သည့်အခါ အချို့သော အမျိုးသမီးများက ဇနီးဖြစ်သူအား 'မဟာရ်' ခွင့်လွှတ်ရန် အတင်းအဓမ္မ တိုက်တွန်းလေတော့၏။ ထို့နောက် ဤသို့လည်း ပြောဆိုတတ်ပေ၏။

"အသင်မ အမြန်ဆုံး မဟာရ်ကို ခွင့်လွှတ်လိုက်ပါလေ"

ဇနီးဖြစ်သူသည် မိမိခင်ပွန်း ကွယ်လွန်သွား၍ ဝမ်းနည်းကြေကွဲနေချိန်တွင် ထပ်လောင်း၍ အချို့အမျိုးသမီးများက ခင်ပွန်းထံမှရရှိရန်ကျန်ခဲ့သော မဟာရ်အား အတင်းအဓမ္မ ခွင့်လွှတ်ရန် ဖိအားပေး တိုက်တွန်းလေ၏။

**ကောင်းစွာမှတ်သားထားလေကုန်**

**"မဟာရ်" မှအာဖ် ခွင့်လွှတ်ရန် အတင်းအဓမ္မ တိုက်တွန်းခြင်း သည် လုံးဝ ပြုပိုင်ခွင့်မရှိသော ကိစ္စတစ်ရပ်ပင် ဖြစ်၏။ ထိုသို့ပြုခြင်း လုံးဝမပိုင်ချေ။**

တဖန် ထိုသို့ ဝိုင်းဝန်း ဖိအားပေးတိုက်တွန်းမှုကြောင့် မလွှဲသာ မရှောင်သာတော့ဘဲ ဇနီးသည်က "ခွင့်လွှတ်ခဲ့ပါလျှင်လည်း ယင်း ခွင့်လွှတ်မှုသည် အထမမြောက်ပေ။

ဤသည်သာမက အကယ်၍ မကွယ်လွန်မီက ခင်ပွန်းသည် ကပင် ဇနီးသည်အား အတင်းအဓမ္မ "မဟာရ်" ခွင့်လွှတ်ရန် တိုက်တွန်း၍ မလွဲမရှောင်သာဘဲ ဇနီးသည်က ခွင့်လွှတ်ခဲ့ရပါ လျှင်လည်း ယင်းခွင့်လွှတ်မှုသည် အထမမြောက်ပေ။ ထို့ကြောင့် မဟာရ် "မုအာဖ်" မဖြစ်ချေ။

## ထိမ်းမြားပြီး မင်္ဂလာဦးညတွင် ဇနီးသည်အား "မဟာရ်"မုအာဖ် ခွင့်လွှတ်စေခြင်း

အချို့မှတ်စလင်မ်တို့၏ အသိုင်းအဝိုင်းတွင် ဤသို့ဓလေ့ရှိတတ်၏။ နိကာဟ်ထိမ်းမြားပြီး မင်္ဂလာဦးည၌ပင် ခင်ပွန်းကဇနီးသည်အား "မဟာရ်" ခွင့်လွှတ်စေရန် ဤသို့ပရိယာယ်ဆင်လေ၏။

**"အသင်မ 'မဟာရ်' ခွင့်မလွှတ်သေးသည့်အထိ အသင်မ၏ အနားသို့လာမည်မဟုတ်"** ဟုခင်ပွန်းက အကြပ်ကိုင်ပြောဆိုလေ၏။

**ကောင်းစွာမှတ်သားကြလေကုန်**

**ခင်ပွန်းက ထိုကဲ့သို့အကြပ်ကိုင်၍ "မဟာရ်" မုအာဖ်ခွင့်လွှတ် စေခြင်းမှာ တရား တော်အရ လုံးဝပြုပိုင်ခွင့်မရှိသော ကိစ္စရပ်ပင်ဖြစ်၏။ ထိုကဲ့သို့ပြုမူခြင်း ဖြင့် "မဟာရ်" မုအာဖ်မဖြစ်ချေ။**

ထို့နောက်အမျိုးသားကမိမိသည် ယောကျာ်းတစ်ဦးအနေဖြင့် အမျိုးသမီးအား ထိုကဲ့သို့အကြပ်ကိုင် တိုက်တွန်းခြင်းသည် လုံးဝမပြု အပ်သော ရှက်ဖွယ်ကောင်းလှသည့် ကိစ္စရပ်တစ်ရပ်ပင်ဖြစ်၏။

အလ္လာဟ်အရှင်မြတ်ကယ်တင်တော်မူပါစေ။

**အကယ်၍ တစ်ဦးတစ်ယောက်သောသူက "မဟာရ်" ကိုပေးရန် ရည်ရွယ်ချက်ပင်မရှိဘဲ နိကာဟ်ပြုခဲ့ပါလျှင် ယင်းသို့အခြေအနေတွင် ခင်ပွန်းကဇနီးသည်နှင့် ပေါင်းသင်းဆက်ဆံခြင်းသည်ပင် "ဇိနာ" ကျူးလွန်နှင့်အလားသဏ္ဍာန်တူ၏။**

## အမွေဆက်ခံသူများအနေဖြင့် သူသေ၏ ကြွေးမြီများပေးဆပ်ရန်

သူသေ၏ ကျန်ရစ်ဥစ္စာပစ္စည်းများမှ သူသေ၏ပေးရန်ရှိကြွေးမြီးများအား ပေးဆပ်ရာတွင် ဇနီးသည်၏ "မဟာရ်"လည်းပါဝင်ပေ၏။ တစ်ဦးတစ်ယောက်သောသူက မိမိအသက်ရှင်နေစဉ် ဇနီးသည်၏ "မဟာရ်"အားမပေးခဲ့ပါလျှင်...

**သူသေ၏ ကျန်ရစ်ဥစ္စာပစ္စည်းများမှ ဦးစွာမြှုပ်နှံမှုဆိုင်ရာ ဝေယျာဝစ္စများအား ကုန်ကျခံဆောင်ရွက်ပြီးနောက် ဒုတိယအဆင့် ကြွေးမြီးများပေးဆပ်ရာတွင် ဇနီးသည်၏မဟာရ်သည်လည်း ပါဝင်ပေ၏။အကယ်၍ သူသေပေါ်၌ပေးရန်တာဝန်ရှိ ကြွေးမြီးများအား ပေးဆပ်ရာတွင် ကျန်ရစ်ဥစ္စာပစ္စည်းများအားလုံး ကုန်ဆုံးသွားမည်ဆို ပါလျှင်လည်း ကြွေးမြီးများအားပေးဆပ်ရန် အကုန်ခံရမည်ဖြစ်၏။ ယင်းကိစ္စတွင် မြှုမှုန်ခန့်မျှပင် မတွန့်တိုလေနှင့်။**

သို့မဟုတ်ပါကသူသေ၏ပေးရန် ကြွေးမြီးတစ်စုံတစ်ရာကျန်ရှိနေပါက ယင်းအားဂျန္နသ်ထဲသို့ ဝင်ရောက်ရန် အတားအဆီးပင်ဖြစ်နေလိမ့်မည်။အဘယ်ကြောင့်ဆိုသော် ယင်းကြွေးမြီးပြန်လည်ပေးဆပ်ရာမှာ အဖန်ဆင်းခံအချင်းချင်းတို့၏ အခွင့်အရေးပင်ဖြစ်၏။ ထို့ကြောင့် အဖန်ဆင်းခံတစ်ဦးတစ်ယောက်၏ အခွင့်အရေးတစ်စုံတစ်ရာမျှပေးရန် ကျန်ရှိနေသည့်အချိန်ထိ သူသေသည် ရှေ့သို့တိုးနိုင်လိမ့်မည်မဟုတ်။

ထို့ကြောင့် မိမိတို့၏ သေဆုံးကွယ်သူများအပေါ် ကျွန်ုပ်တို့အနေဖြင့် သနားကြင်နာသင့်ပေ၏။ဤသည်တို့ကြောင့် သူသေ၏ ကြွေးမြီးများအား ပေးဆပ်ရာတွင် လုံးဝမပေါ့ဆသင့်ပေ၊ တိကျမှန်ကန်မြန်ဆန်စွာပေးဆပ်လိုက်ခြင်းဖြင့်သာလျှင် မိမိ၏ကွယ်လွန်သွားသူအား

အမှန်တကယ်ချစ်ရာ အမှန်တကယ်သံနားကြင်နာရာရောက်ပေမည်။ ထို့အတူ သေဆုံးကွယ်လွန်သူက ပေးရန်ရှိ ကြွေးမြီးနှင့်ပတ်သက်၍ စာရင်းရေးသားခဲ့ပါက ထိုကြွေးမြီးစာရင်းအတိုင်း ပေးဆပ်ရမည်သာ။ သို့သော်ထိုမှအပ အကယ်၍ သေဆုံးကွယ်လွန်သွားသူသည် မြီးစား မြီးရှင် စာရင်းများရေးလေ့ရေးထ မရှိခဲ့ပါလျှင် သူ့သေ၏မိတ်ဆွေ အပေါင်းအသင်းများအား လိုက်လံစုံစမ်း မေးမြန်းရပေမည်။ထို့နောက် တိကျမှန်ကန် ခိုင်လုံစွာသိရှိရသော မြီးရှင်များအား တစ်ပြားသားမျှ မလျှော့စေဘဲ သူ့သေ၏ ကျန်ရစ်ပစ္စည်းဥစ္စာများမှ ပေးဆပ်ရန် အမွေဆိုင်များအားလုံးအပေါ်၌ တာဝန်ရှိ၏။

**ဤသည်မှာ သူ့သေ၏ ကျန်ရစ် ဥစ္စာပစ္စည်းများတွင် ကျရောက်လာသော ဒုတိယ တာဝန်ဝတ္တရားပင် ဖြစ်၏။**

# တတိယဝတ္တရား

**မှာတမ်းမှု (သို့) သေတမ်းစာ**

**သူ့သေ၏ ကျန်ရစ်ပစ္စည်းဥစ္စာများတွင် ကျရောက်လာသော တတိယဝတ္တရားမှာ**

**"ယင်း၏မှာတမ်းမှု (သို့) သေတမ်းစားပင် ဖြစ်၏။ ထိုကြောင့် အထက်တွင် ဖော်ပြခဲ့သော တာဝန်ဝတ္တရား နှစ်ရပ်အား ဆောင်ရွက်ပြီး ပါက သူ့သေ၏ မှာတမ်းမှု တစ်စုံတရာ ရှိမရှိနှင့် သေတမ်းစာ ရှိမရှိကို လေ့လာရပေမည်။**

အကယ်၍ တရားတော်အရ ပြုပိုင်ခွင့်ရှိသော **ကိစ္စရပ်နှင့်** ပတ်သက်၍ မှာတမ်းမှု တစ်စုံတရာ ရှိခဲ့ပါလျှင် ထိုမှာတမ်းမှု (သို့) သေတမ်းစာအရ ကျန်ရစ်ဥစ္စာ ပစ္စည်းများမှ **သုံးပုံတစ်ပုံ** ထိသာ ဖြည့်ဆည်းပေးရမည်။ ထိုမှာတမ်းမှုအား ဖြည့်ဆည်းရန်လည်း ကျန်ရစ်သူ အမွေဆိုင်များ၏ တာဝန်သာ ဖြစ်၏။

အကယ်၍ သူသေ၏ မှာတမ်းမှုသည် တရားတော်နှင့် ဆန့်ကျင်သော ကိစ္စအား ဆောင်ရွက်ရန် မှာတမ်းမှုဖြစ်ပါလျှင် ယင်းအား လုံးဝမဖြည့်ဆည်းရပေ။ ဖြည့်ဆည်းပိုင်ခွင့်လည်း မရှိပေ။

ဥပမာ တစ်ဦးတစ်ယောက်သောသူက

"ကျွန်ုပ်ကွယ်လွန်ပြီးသောအခါ ရက် (၄၀) ထမင်းကျွေးပါ (သို့မဟုတ်) မည်သည့် သူတော်စင်၏ ကဗရ်ပေါ်"ကြာဒရ်" အဝတ်အုပ် တင်ပါ စသည့် တရားတော်နှင့် ဆန့်ကျင်သည့် ကိစ္စရပ်များအား ဆောင်ရွက်ရန် မှာတမ်းမှုဖြစ်ပါလျှင် ယင်းကဲ့သို့ မှာတမ်းမှုများအား ဖြည့်ဆည်းပိုင်ခွင့် မရှိပေ။

သို့သော် တရားတော်က ခွင့်ပြုထားသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ မှာတမ်းမှုဖြစ်ပါလျှင် ကျန်ရစ်ဥစ္စာပစ္စည်းမှ သုံးပုံတစ်ပုံထိ ဖြည့်ဆည်းပေးနိုင်၏။

ဥပမာ...

သူသေ၌ အချို့နမာဇ်များ"ကဇာ"အကြွေး တင်ခဲ့ပြီး ထိုအကြွေးတင်ခဲ့သော နမာဇ်အား ပြန်လည်မဖြည့်နိုင်ခဲ့ပေ။ ထို့ကြောင့် ထိုအကြွေးတင်နေသော နမာဇ်များနှင့် ပတ်သက်၍ တာဝန်ကျေရန်အတွက် "ဖိဒ်ယဟ်" ဆင်းရဲသားအား သတ်မှတ်၍ ငွေလှူဒါန်းရန် လည်းကောင်း"

သူသေ၌ ရိုဇဟ်ဥပုသ် အချို့ကိုမဆောက်တည်နိုင်ဘဲ ဖြည့်ဆည်းရန် အကြွေးတင်ရှိနေပါ၍ ရိုဇဟ်၏ "ဖိဒ်ယဟ်" ပေးဆပ်ရန် မှာတမ်းခြင်း၊ ထိုအတူ"ဟဂ်ျ"ပြုရန် တာဝန်ကျရောက်ခဲ့ပေသော်လည်း အကြောင်းကြောင်းများကြောင့် 'ဟဂ်ျ' မပြုနိုင်ခဲ့၍ "ဟဂ်ျ"တာဝန် အကြွေးတင်နေ၍ မိမိ၏ အစား အခြားတစ်ဦး တစ်ယောက်အား "ဟဂ်ျဗဒလ်" ပြုလုပ်စေရန် မှာကြားခြင်း။

ထို့အတူ

ကျွန်ုပ်ကွယ်လွန်သောအခါမည်သည့်ဗလီဝတ်ကျောင်း၌ ငွေကျပ် မည်၍မည်မျှ ပေးလှူရန်ဟု မှာတမ်းခြင်း

ထိုအတူ အခြားမိတ်ဆွေ တစ်ဦးတစ်ယောက်အားလည်းကောင်း ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား လည်းကောင်း ကူညီပံ့ပိုးသော အနေဖြင့် မည်၍မည်မျှ ပေးလိုက်ပါရန်ဟု မှာတမ်းခြင်း။

ထိုအတူ ငွေမည်၍မည်မျှအားလည်းကောင်း၊ မည်သည့်ပစ္စည်း ပစ္စယအားလည်းကောင်း၊ ခိုင်ရာသ် အလှူဒါနပြုပါရန် မှာတမ်းခြင်း။

စသည့် မှာတမ်းမှုများအားလုံးသည် တရားတော်အရ ပြုပိုင် သော မှာတမ်းမှုများ ဖြစ်လေ၏။ သို့သော် မှာတမ်းမှုအား ဖြည့်ဆည်းရာတွင် သူသေ၏ ကျန်ရစ်ပစ္စည်းဥစ္စာမှ **သုံးပုံ တစ်ပုံ** ထိသာ ဖြည့်ဆည်းခွင့်ရှိ၏။ မှာတမ်းမှုသည် တန်ကြေး သုံးပုံ တစ်ပုံထက်ကျော်လွန်နေပါလျှင် ထိုသုံးပုံ တစ်ပုံထက် ကျော်လွန်သော မှာတမ်းမှုများအား ဖြည့်ဆည်းရန် မလိုအပ်ပေ။ ကျန်ရစ်သူ အမွေဆိုင်များပေါ်၌ ကျန်ရစ်ပစ္စည်းမှ သုံးပုံ တစ်ပုံထိ ဖြည့်ဆည်း ပေးရန်မှာ "ဝါဂျိဗ်" တာဝန်ဖြစ်လေ၏။

အကယ်၍ အမွေဆိုင်များက ထိုပြုပိုင်ခွင့်ရှိသော မှာတမ်းမှုများ အား မဖြည့်ဆည်းခဲ့ပါက အပြစ်ငရဲထိုက်မည်သာ။

**သုံးပုံတစ်ပုံ**ထက် ကျော်လွန်နေသော မှာတမ်းမှုကိုလည်း ဖြည့်ဆည်းလိုပါက သက်ဆိုင်သူ အမွေဆိုင်များအားလုံး၏ လွတ်လပ် သော သဘောဆန္ဒဖြင့် တညီတညွတ်တည်း သဘောတူ ကျေနပ်ခဲ့ပါမှ ဖြည့်ဆည်းခွင့် ရှိပေ၏။

အဘယ်ကြောင့်ဆိုသော် သူသေ၏ ကျန်ရစ်ဥစ္စာပစ္စည်းမှ

ပထမတာဝန်ဝတ္တရားနှင့်

ဒုတိယတာဝန်ဝတ္တရားအား ကုန်ကျခံဆောင်ရွက်ပြီးနောက်

ကျန်ရစ်သော ဥစ္စာပစ္စည်းများအနက် အနည်းဆုံး **သုံးပုံ နှစ်ပုံ**သည် ကျန်ရစ်သော အမွေဆိုင်များ၏ ပိုင်ဆိုင်မှု ဖြစ်ပေ၏။

ထို့ကြောင့် သုံးပုံတစ်ပုံ ထက်ကျော်လွန်သော မှာတမ်းမှုအား ဖြည့်ဆည်းရာတွင် အမွေဆိုင် အားလုံးက သဘောတူကျေနပ်မှသာလျှင် ဖြည့်ဆည်းခွင့် ရှိ၏။

သူသေ၏ မှာတမ်းမှု (သို့) သေတမ်းစာ တစ်စုံတစ်ရာ မရှိခဲ့ပါလျှင်

ကျန်ရစ်ဥစ္စာပစ္စည်းများမှ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း

ပထမတာဝန် ဝတ္တရားအားလည်းကောင်း၊ ထို့နောက်

ဒုတိယတာဝန် ဝတ္တရားအားလည်းကောင်း ဆောင်ရွက်ပြီးနောက် ကျန်ရစ်သော ဥစ္စာပစ္စည်းအလုံးစုံတို့အား သက်ဆိုင်ရာ ကျန်ရစ်သော အမွေဆိုင်အားလုံးသည် ကုရ်အာန်ဟဒီးစ်က သတ်မှတ်ခွဲဝေပေးထားသော ဝေစုအရ ရယူကြရမည် ဖြစ်၏။

ထို့အတူအထက်တွင် ဖော်ပြခဲ့သည့် မှာတမ်းမှု (သို့မဟုတ်) သေတမ်း စာသည် ကျန်ရစ်ပစ္စည်း၏ သုံးပုံတစ်ပုံထက် လျော့နည်းနေပါလျှင် ထိုမှာတမ်းမှုနှင့် သေတမ်းစာအတိုင်း ဖြည့်ဆည်းပြီးနောက် ကျန်ရစ်သော ပစ္စည်းဥစ္စာအားလုံးသည် ကျန်ရစ်သော အမွေဆိုင် အားလုံး၏ ပိုင်ဆိုင်မှုပင် ဖြစ်၏။

# စတုတ္ထတာဝန် ဝတ္တရား

**စတုတ္ထတာဝန်ဝတ္တရားမှာ**

**အထက်တွင် ဖော်ပြခဲ့သည့် တာဝန်ဝတ္တရား သုံးရပ်စလုံးအား ဆောင်ရွက်ပြီးနောက် (သို့ )ဆောင်ရွက်ရန် ထုတ်နုတ်ပြီးနောက် ကျန်ရစ်သော ဥစ္စာပစ္စည်းများကို သူ သေ၏ သက်ဆိုင်ရာ အမွေစား အမွေခံတို့အား ကုရ်အာန် ဟဒီစ်က ခွဲဝေပေးထားသော ဝေစုဝေပုံ အတိုင်း ရစေခြင်းပင် ဖြစ်၏။**

ယင်းစတုတ္ထတာဝန်ဝတ္တရားနှင့် ပတ်သက်၍ပင် ယနေ့ ကျွန်ုပ်တို့၏ အသိုင်းအဝိုင်းတွင် ကြီးမားသော မတရားမှုကြီး ဖြစ်ပေါ်လျက်ရှိနေ၏။ အများအားဖြင့် လူတို့က "သေဆုံးကွယ်လွန် သွားသူ၏ ကျန်ရစ်ပစ္စည်းများအား သက်ဆိုင်ရာ အမွေဆိုင်တို့က သတ်မှတ်ထားသည့် ဝေပုံကျစီအတိုင်း ရယူရသည်ဟူသော အချက်ကိုပင် မသိရှိကြချေ။ သိရှိသူများကလည်း ဤသည်မှာ 'ဖရ်ဇ်' မပြုမနေရ ကိစ္စဖြစ်ကြောင်းကိုပင် သိပါလျက်နှင့် လက်တွေ့ လိုက်နာကျင့်သုံးမှု မပြုကြပေ။ ဤသည်သာမက သက်ဆိုင်ရာ အမွေးဆိုင်များအနက် လက်ဝယ်ထိန်းသိမ်းထားသော အမွေဆိုင်က မိမိတစ်ဦးတည်းပင် ပိုင်ဆိုင်သည်ဟု ပြောဆိုကာ မတရားသိမ်းပိုက် လိုက်လေ၏။ ဤသို့ဖြင့် ကြောက်မက်ဖွယ်ကောင်းလှသည့် ကြီးမားသော ပြစ်မှုအား ကျူးလွန်လေတော့၏။

ယနေ့အခြေအနေကို သာမန်ရှုထောင့်ဖြင့်ပင် သုံးသပ် ကြည့်ပါလျှင်

နေ့စဉ်နှင့်အမျှ လူအတော်များများ သေဆုံးကွယ်လျက် ရှိနေကြ၏။

အမျိုးသားလည်းသေဆုံး၏။

အမျိုးသမီးလည်းသေဆုံး၏။

ကလေးငယ်လည်း သေဆုံး၏။

ထိုမျှများပြောင်စွာ သေဆုံးကွယ်လွန်မှုများ ဖြစ်ပေါ်နေပါလျှင် အစ္စလာမ် ဓမ္မသက်ဌာနများတွင်လည်း "အမွေခွဲဝေမှုဆိုင်ရာ ဖသ်ဝါ ဓမ္မသတ် မေးမြန်းမှုသည်လည်း ထိုမျှပင် များပြောင်စွာ ရောက်ရှိရ ပေမည်။ အဘယ်ကြောင့်ဆိုသော်...

**"သေဆုံးကွယ်လွန်သူတိုင်း၏ ကျန်ရစ်ပစ္စည်းများအား ခွဲဝေမှု ကိစ္စသည် အမွေဆိုင်များအပေါ်၌ 'ဖရ်ဇ်' မပြုမနေရ တာဝန်ပင် ဖြစ်ချေ၏။ ထို့ကြောင့် ကျန်ရစ် အမွေပစ္စည်း ဥစ္စာအား ခွဲဝေခြင်းမှာ**

'ဖရ်ဇ်'ဖြစ်ပါလျှင် ကုရ်အာန်ဟဒီစ်က သတ်မှတ်ပြဋ္ဌာန်းထားသော ခွဲဝေမှု ကိစ္စအား နားလည်သိရှိရန်လည်း 'ဖရ်ဇ်' မပြုမနေရပင် ဖြစ်ပေ၏။

သို့သော် ဝမ်းနည်းဖွယ်ကောင်းလှသည်မှာ

ယင်းကိစ္စနှင့် ပတ်သက်၍ အစ္စလာမ့် ဓမ္မသတ်ဌာနများတွင် ဖဿဝါဓမ္မသတ်မေးမြန်းခြင်း အလွန်နည်းပါးလှပေ၏။

# သူသေ၏ ကျန်ရစ် ဥစ္စာပစ္စည်းများအား သုံးစွဲခြင်း

လူတစ်ဦး သေဆုံးကွယ်လွန်သွားသည်နှင့် ယင်း၏ ကျန်ရစ်သော ပစ္စည်းဥစ္စာသည် ယင်း၏ ပိုင်ဆိုင်မှုမှ လွတ်မြောက်သွား၍ ကျန်ရစ်သူအမွေဆိုင်တို့၏ ပိုင်ဆိုင်မှုတွင် ပါဝင်သွားလေ၏။ ထို့ကြောင့် အမွေဆိုင်အားလုံးသည် ကိုယ်စီကိုယ်ငှ မိမိတို့ ဝေစုပိုင်ရှင်များ ဖြစ်သွားကြလေ၏။

**အဘယ်မျှပင်ဆိုသော် "အပ်"နှင့် အပ်ချည်ကြိုးတွင်ပင် အမွေဆိုင် အားလုံး၏ ပိုင်ဆိုင်မှု ပါဝင်လေ၏။**

သူသေ၏ ကျန်ရစ်ဥစ္စာပစ္စည်းများကို တစ်ဦးတစ်ယောက်အား သုံးစွဲခွင့် ပေးလိုပါက အမွေဆိုင်များတွင် အရွယ်မရောက်သေးသူ တစ်ဦး တစ်ယောက်မျှ မရှိဘဲအားလုံးက အရွယ်ရောက်ပြီးသူများ ဖြစ်ရပေမည်။ ထို့နောက် အမွေဆိုင်အားလုံး၏ လွတ်လပ်သော သဘောတူညီမှုဖြင့် တညီတညွတ်တည်း ခွင့်ပြုပါမှ သုံးစွဲခွင့် ပြုနိုင်၏။ သို့မှသာ သုံးစွဲပိုင်ခွင့်ရှိ လိမ့်မည်။

သို့သော်

အကယ်၍

- **အမွေဆိုင် တစ်ဦးတစ်ယောက်က ခွင့်မပြုပါလျှင်**
- **အမွေဆိုင် တစ်ဦးတစ်ယောက်က ခွဲဝေရယူလိုပါလျှင်**

* အမွေဆိုင် တစ်ဦးတစ်ယောက် မရောက်ရှိလာ၍ ယင်း၏ သဘောဆန္ဒအား မသိရသေးပါလျှင်

* အရွယ်မရောက်ရှိသေးသော အမွေဆိုင် ရှိနေပါလျှင်

ထိုသို့သော အခြေအနေမျိုးတွင် သူသေ၏ ကျန်ရစ်ပစ္စည်းအား အခြားမည်သူမျှ သုံးစွဲပိုင်ခွင့် လုံးဝ မရှိပေ။ ဤသည်သာမက ထိုသို့သော အခြေအနေမျိုးတွင် အမွေဆိုင်များကပင် လုံဝသုံးစွဲပိုင်ခွင့် မရှိပေ။ သုံးစွဲခြင်း ဟရာမ်ဖြစ်၏။

# အိမာမ်အဗူဟာနီဖာဟ်(ရဟ်) သခင်၏ ဆင်ခြင်မှု

အိမာမ်အဗူဟာနီဖာဟ် (ရဟ်) သခင်သည် မကျန်းမာသူ တစ်ဦးအား ကြည့်ရှုရန် ကြွမြန်းတော် မူခဲ့၏၊ သခင်သည် ရောက်ရှိ ရုံပင် ရှိသေး၏။ လူမမာ အသက်ငင်မှုအခြေအနေ စတင် နေကြောင်း သခင်ရိပ်စားမိလိုက်၏။ ထို့ကြောင့် သခင်သည်ကြည့်ရှု၍ ပြန်သွားရန် ရည်ရွယ်ချက်အား ပြောင်းပြီး စောင့်ဆိုင်း ကြည့်ရှုနေ တော်မူ၏။ ထိုလူမမာ၏ အနီးနားတွင် **မီးအိမ်**တစ်အိမ် ထွန်းထားလျက် ရှိနေ၏။ ခေတ္တအကြာတွင် လူမမာ ဝိညာဉ်နုတ်ခံလိုက်ရချေ၏။ ထိုအခါ သခင်သည်လည်း ထို**မီးအိမ်**အား ငြိမ်းသတ်လိုက်၏။ ထိုအချိန်သည် အလင်းရောင်ရရှိရန် မီးအိမ်အား အမှန်တကယ် ထွန်းသင့်သော အချိန်လည်း ဖြစ်၏။

*ထိုအခါ လူတို့က သခင့်အား*

**"အို ဆရာသခင်ကြီး၊ မီးအိမ် အဘယ်ကြောင့် ငြိမ်းလိုက်ရပါ သနည်း"** ဟု မေးမြန်းလေတော်၏။

*ထိုအခါ သခင်က ဤသို့ ပြေကြားလေ၏။*

အဘယ်ကြောင့် ငြိမ်းရသည်ဆိုသော်

**ဤပုဂ္ဂိုလ် အသက်ရှင်နေသည့် အချိန်ထိ ဤမီးအိမ်သည် ယင်း၏ ပိုင်ဆိုင်မှုဖြစ်၏။ သို့သော် သေဆုံးကွယ်လွန်သွားသည်နှင့် ကျန်ရစ်သော ဥစ္စာပစ္စည်းများသည် ကျန်ရစ်အမွေဆိုင်တို့၏ ပိုင်ဆိုင်မှု ဖြစ်သွားလေ၏။ ထို့ကြောင့် ယခုတော့ဖြင့် အမွေဆိုင်တို့၏ သဘောတူ ခွင့်ပြုချက် မရရှိဘဲ ဤမီးအိမ်အား အသုံးပြုခွင့် မရှိပေ။**

အထက်ပါ ဖြစ်စဉ်အား သုံးသပ်ကြည့်ပါလျှင်

သခင်ကြီးသည် သေဆုံးကွယ်လွန်သူ၏ ကျန်ရစ်ပစ္စည်းနှင့် ပတ်သက်၍ အဘယ်မျှ သတိကြီးစွာဖြင့် ဆင်ခြင်ခဲ့သည်ကို သိရှိနိုင်ပေသည်။

# ကျွန်ုပ်တို့၏ မဆင်ခြင်မှု

အခြားတဘက်တွင် ကျွန်ုပ်တို့၏ မဆင်ခြင်မှုအား သုံးသပ်ကြ ပါစို့။

**ကျွန်ုပ်တို့သည် သေဆုံးကွယ်လွန်သူ၏ ဥစ္စာပစ္စည်းများအား အဘယ်မျှ ပေါ့ဆစွာ မတရား လက်ဝါးကြီးအုပ်ကာ အချည်းနှီး အကျိုးမဲ့သော ကိစ္စရပ်များတွင် သုံးစွဲနေကြပါသနည်း။ ထို့နောက် လက်ဝယ်ထိန်းသိမ်းထားသူက သက်ဆိုင်ရာအမွေဆိုင်တို့၏ အခွင့်အရေးအား မပေးအပ်သည့်ပြင် မိမိပိုင် ပစ္စည်းများ သဏ္ဍာန် ပိုင်ရှင် ဖြစ်သွားကြလေ၏။ ထို့နောက် ယင်း ဥစ္စာပစ္စည်းများအား မိမိကြိုက်နှစ်သက်သလို သုံးစွဲလေတော့၏။**

ဤသည်တို့မှာကား အစ္စလာမ့် တရားတော်အရ လုံးဝ မပြုအပ်သော "ဟရာမ်" ကိစ္စရပ်ပင်ဖြစ်၏။ ထို့နောက် သက်ဆိုင်ရာ အမွေဆိုင်များထံသို့ ယင်းတို့၏ ရပိုင်ခွင့် အခွင့်အရေးအား လက်ဝယ် မရောက်ရှိစေခြင်းမှာ အလွန်ကြီးမားသော မတရားမှုသာလျှင် ဖြစ်ပေ၏။

သို့သော် ကောင်းစွာ မှတ်သားထားကြလေကုန်။

**ဤဒွန်ယာ လောကတွင် မပေးအပ်နဲ့ပါလျှင်လည်း မုရျတမလွန်တွင် ပေးဆောင်ရမည်သာဖြစ်၏။**

# အမွေမခွဲဝေပေးခြင်းတွင် ကြီးမားလှသော မတရားမှုကြီး (၃)ရပ်

သူသေ၏ ကျန်ရစ်ဥစ္စာပစ္စည်း (အမွေ)အား သက်ဆိုင်ရာ အမွေဆိုင်တို့အား မခွဲဝေပေးခြင်းသည် မတရားမှုကြီး သုံးရပ်အား ကျူးလွန်ခြင်းပင်ဖြစ်၏။

**ပထမ မတရားမှုကြီးမှာ**

**သူသေ၏ ကျန်ရစ်ပစည်း ဥစ္စာသည် အလ္လာဟ်အရှင်မြတ်ထံတော်ပါးမှ ဗန်းသဟ် ကျေးကျွန်အတွက် လက်ဆောင်တော် တစ်ရပ်ပင်ဖြစ်၏။ ယင်းဆုလာဒ်တော်အား လက်ဝယ်ထိန်းသိမ်းထားသူက ရသင့်ရထိုက်သူတို့အား မရစေဘဲ မိမိမတရား ရယူသုံးစွဲနေခြင်းသည် အရှင့်ဆုလာဒ်တော်အား အလွဲသုံးစားပြု နေခြင်းပင်ဖြစ်၏။**

ယင်းအလွဲသုံးစားပြုမှုသည် အလွန်ကြီးမားသော မတရားမှုအား ကျူးလွန်ခြင်းပင် ဖြစ်၏။

**ဒုတိယ မတရားမှုကြီးမှာ**

သူသေ၏ ကျန်ရစ်ဥစ္စာပစ္စည်းသည် သက်ဆိုင်ရာ ညီနောင်၏ ပိုင်ဆိုင်မှုပင် ဖြစ်၏။ ဖခင်သေဆုံးကွယ်လွန်သောအခါ သူသေ၏ ဇနီးနှင့် သားသမီးများအားလုံး၏ ပိုင်ဆိုင်မှု ဖြစ်သွားလေ၏။ သို့ပါ၍ အကြင်သူသည် ထိုပိုင်ဆိုင်ကြသူတို့၏ ပိုင်ဆိုင်မှုအား

မတရားပြု သိမ်းပိုက်လိုက်ပါလျှင် ထိုသူသည် မတရား နှိပ်စက်ညှင်းပန်းသူပင် ဖြစ်၏။ သူတစ်ပါး၏ ဥစ္စာပစ္စည်းအား မတရားလုယက်ရယူခြင်း၊ သူတစ်ပါး၏ မြေအား မတရား သိမ်းပိုက်ရယူခြင်း၊ သူတစ်ပါး၏ ငွေအား မဟုတ်တန်ရာ နည်းစနစ်ဖြင့် ရယူခြင်းစသည်များမှာ မတရားပြုကျင့်ခြင်း ဖြစ်သကဲ့သို့ သူတစ်ပါး၏ အမွေအား မတရား ရယူပိုင်ဆိုင်ထားခြင်းသည်လည်း မတရားမှုကျူးလွန်ခြင်းပင် ဖြစ်၏။

**တတိယမတရားမှုကြီးမှာ**

သက်ဆိုင်ရာ အမွေဆိုင်တို့ကို ယင်းတို့၏ ရပိုင်ခွင့်အားမခွဲဝေပေးခြင်းသည် မျိုးရိုးစဉ်ဆက် အစဉ်အလာဖြစ်သွားတတ်လေ၏။ ဖခင်ကွယ်လွန်သောအခါ သားသမီးများက အမွေမခွဲခဲ့ပါလျှင် သားသေဆုံးသောအခါ မြေးတို့ကလည်း အမွေမခွဲတတ်ကြတော့ပေ။ ထို့အတူ ရှေးမျိုးရိုးစဉ်ဆက်ထိ ယင်းအစဉ်အလာအား ကျင့်သုံးကြလေတော့၏။ ယင်းသို့ ဖြစ်သောအခါ ထိုအမွေ မခွဲဝေခဲ့သော မျိုးရိုးစဉ်ဆက် တစ်ခုလုံး၏ အကုသိုလ် အပြစ်ငရဲများသည် ပထမဦးဆုံး မခွဲဝေခဲ့သော အမွေဆိုင်များ၌လည်း ကျရောက်လေတော့၏။ ဤသည်မှာ မျိုးရိုးစဉ်ဆက်အလိုက် ဆင့်ကဲဆင့်ကဲ ကျူးလွန်သွားတတ်သော ပြစ်မှုကြီးပင် ဖြစ်၏။

# သေဆုံးကွယ်လွန်မှုဖြစ်ပွားပြီး အမြန်ဆုံးအမွေခွဲဝေပေးခြင်း

တမလွန်၏ ပူပင်သောကရင်ဝယ်ကိန်းအောင်နေသူများသည် သူသေ၏ကျန်ရစ်အမွေကို သက်ဆိုင်ရာအမွေဆိုင်တို့အားခွဲဝေပေးခြင်းကိစ္စကို ဦးစွာဆောင်ရွက်ကြလေ၏။ ရှရီအသ်တရားတော်၏အမိန့်ပညတ်ချက်မှာလည်း သေဆုံးကွယ်လွန်ပြီးနောက် . . . **ဦးစွာပထမသေသူအား ရေချိုးပေးခြင်းနှင့် မြှုပ်နှံမှုဆိုင်ရာ ဝေယျာဝစ္စတို့အား ဆောင်ရွက်ပေးရမည်၊ ထို့နောက်သူသေ၏ပေးရန်ရှိနေသော ကြွေးမြီများအား ယင်း၏ကျန်ရစ်ဥစ္စာပစ္စည်းများမှ ပေးဆပ်ရပေမည်၊ ထို့နောက်သူသေ၏**မှာတမ်းမှုအား ကျန်ရစ်သောဥစ္စာပစ္စည်းမှ (၃) ပုံ (၁) ပုံထိဖြည့်ဆည်းပေးရမည်၊ **ထို့နောက် အဓိက အရေးကြီးဆုံး ဖရိုဇ်တာဝန်မှာ ... ကျန်ရစ်သောဥစ္စာပစ္စည်းများအား အမွေဆိုင်တို့အား ခွဲဝေပေးခြင်းပင်ဖြစ်၏။**

" အမွေ " အား စောလျှင်စွာခွဲဝေပေးသည်နှင့်အမျှ လူတို့သည်လည်း စောလျှင်စွာပင် သက်သာမှု ရရှိလိမ့်မည်ဖြစ်၏။ ထို့နောက်အမွေခွဲဝေသည့်ကိစ္စသည် ကြာမြင့်သည်နှင့်အမျှ လူတို့သည်လည်း ထိုမျှပင်ခက်ခဲမှုများနှင့် အတားအဆီးများဖြင့် ရင်ဆိုင်ရလိမ့်မည်ဖြစ်၏။ အဘယ်မျှပင် ဆိုသော် . . .

**ညီအစ်ကိုမောင်နှမအရင်းအချာများကပင် တစ်ဦးကိုတစ်ဦးသတ်ဖြတ်ရန်ထိ မုန်းတီးမှုများ ဖြစ်သွားတတ်လေ၏။**

ထိုသို့ဖြစ်ရခြင်းအကြောင်းရင်းမှာ . . . . .

" တစ်ဦးတစ်ယောက် သေဆုံးကွယ်လွန်သွားသောအခါ ကျန်ရစ်သော သားချင်း၏စိတ်နှလုံးသားသည် ပျော့ပြောင်းသွားလေ၏၊ ရင်ထဲ၌ သူသေအတွက် ခံစားချက်ရှိနေလေ၏၊ ထိုအချိန်တွင် လောကီရေးမက်မောမှုသည် စိတ်နှလုံးသား၌ အလွန်နွမ်းပါးသွားလေ၏၊ ယင်းကဲ့သို့အချိန်တွင် အမွေခွဲဝေရန် အလွန်လွယ်ကူသောကိစ္စရပ်ပင်ဖြစ်၏။

*တဖြည်းဖြည်းကျန်ရစ်သောမိသားစု၏ စိတ်နှလုံးသားမှ သေသူ၏ ဝမ်းနည်းပူဆွေးမှုခံစားချက် နည်းလာလေလေ၊ လောကီရေးမက်မောမှုနှင့် ချစ်ခင်တွယ်တာမှု များလာလေပင်ဖြစ်ပေ၏၊ ထို့ကြောင့် အချိန်ကြာမြင့်သွားပါက အမွေခွဲဝေမှုကိစ္စတွင် များစွာသော အခက်အခဲများဖြစ်ပေါ်လာကာ လူတိုင်းသည် မိမိအလိုဆန္ဒအတိုင်း ပြုချင်ရာကို ပြုလာလေတော့၏၊*

## ထာနဝီသခင်နှင့် အဖနိဆင်းခံတို့၏ဝတ္တရား

ကျွန်ုပ်၏ အဘိုးတော်စပ်သူ "ဟာဇ်ရသ် မော်လာနာ အဗ်ဒုလ်အဇီးဇ်(ရဟ်) သခင်သည် ဟာဇ်ရသ်မော်လာနာ အယ်ရစ်အလီထာနဝီ သခင်ထံ "ဗိုင်အသ်" ပြုထားသူဖြစ်၏။

ထို့နောက် **မော်လာနာခိုင်ရိမုဟမ္မဒ်(ရဟ်)** သခင်၏ "ခလီဖဟ်" တစ်ပါးလည်းဖြစ်၏။

ထာဝနီသခင်၏ သွန်သင်ဆုံးမချက်များတွင် အမြဲတစေ အဖန်ဆင်းခံများ၏ အခွင့်အရေးဆိုင်ရာတာဝန်ဝတ္တရားများအား မပျက်ကွက်စေရန် အဓိကမှာပါဝင်လေ၏။ အဖန်ဆင်းခံ အချင်းချင်း၏အခွင့်အရေးအား အထူးဂရုထားခြင်းမှာ ထာနဝီ သခင်၏ အဓိကထူးခြားချက်များအနက်မှ တစ်ရပ်ပင်ဖြစ်၏။

ထိုခေတ်အခါက အဖန်ဆင်းခံအချင်းချင်း၏ အခွင့် အရေးအား ဂရုတစိုက်အလေးထားသူသည် "ထာနဝီ" သခင်၏ "မုရိုးဒ်" တပည့်ဖြစ်ကြောင်း လက္ခဏာရပ်ပင်ဖြစ်၏။

အမွေခွဲဝေခြင်းကိစ္စသည်လည်း **အဖန်ဆင်းခံအချင်း ချင်း၏ အခွင့်အရေး** 'ဟုကူကုလ်အိဗါဒ်' တွင်ပါဝင်လေ၏။ ထို့ကြောင့်ထာနဝီသခင်၏ "မုရိုးဒ်" တပည့်များတွင် ယင်း ကိစ္စရပ်နှင့် ပတ်သက်၍လည်း အထူးအရေးထားဆောင်ရွက် လေ့ရှိခဲ့၏။ ထို့ကြောင့်သာ ကျွန်ုပ်၏ဘိုးတော် "**ဟဇ်ရသ် မော်လာနာ အဗ်ဒုလ်အဇီဇ်(ရဟ်)**" သခင်သည်လည်း အမွေခွဲ ဝေမှုကိစ္စရပ်နှင့် ပတ်သက်၍ အလွန်ပူပင်သောကကြီးမားခဲ့လေ ၏။

# အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေမှုသည် ခက်ခဲသောကိစ္စရပ်ကိုလည်း လွယ်ကူသွားစေ၏။

ကျွန်ုပ်၏အဘိုးလက်ဝယ်သို့ရောက်ရှိခဲ့သော အမွေဥစ္စာပစ္စည်းများသည် ခေတ်အဆက်ဆက်မှ မခွဲဝေရသေးသော ဥစ္စာပစ္စည်းများပင် ဖြစ်၏။ ယင်းအမွေသည် သက်ဆိုင်ရာအမွေဆိုင်များစွာတို့၏ ပိုင်ဆိုင်မှုဖြစ်၏။ ထို့ကြောင့် ဘိုးတော်တွင် အလွန်သောကများခဲ့ရလေ၏။ ထိုအခါ အလွန်ဝေးလံသော နေရာဒေသရှိ အမွေဆိုင်တို့အားစုံစမ်းရှာဖွေကာ ယင်းတို့၏ဝေစုအား အသီးသီးခွဲထုတ်ခဲ့လေ၏။ ထို့နောက်တစ်ဦးချင်းစီ၏ အမည်နာမများအား စာအိပ်အသီးသီးပေါ်၌ ရေးသားလေ၏။ တဖန်သက်ဆိုင်သူတို့၏ သက်ဆိုင်ရာရပိုင်ခွင့်များအားထည့်လေ၏။ ထို့နောက်အမွေဆိုင်တစ်ဦးချင်းစီအား ရှာဖွေကာ ယင်းတို့၏ရပိုင်ခွင့်အခွင့်အရေးအား လက်ဝယ်အရောက်ပို့ပေးခဲ့လေ၏။

ထိုကဲ့သို့နှစ်ပေါင်းများစွာမှ မခွဲဝေရသေးသော အမွေကိုအမွေဆိုင်များစွာတို့အား လိုက်လံရှာဖွေပေးဆောင်ခြင်းမှာ လွယ်ကူသောကိစ္စရပ်မဟုတ်ပေ။ သို့သော်အလ္လာဟ်အရှင်မြတ်၏ ကြောက်ရွံ့စိတ်ရှိသူသည် ခက်ခဲသောကိစ္စရပ်ကိုပင် လွယ်ကူစွာပြုနိုင်စွမ်းရရှိသွားလေ၏။

ယခုကျွန်ုပ်တို့ အသိုင်းအဝိုင်းတွင် သိန်းသန်းချီသော ငွေပမာဏအား မတရားသိမ်းပိုက်ရယူခြင်းကိုပင် မည်သို့မျှ မထင်မှတ်ကြတော့ပေ။ သို့သော် အလ္လာဟ်အရှင်မြတ်၏ ကြောက်ရွံ့စိတ် ရှိသူတို့သည် **တစ်မူးနှစ်မူး**ကိုပင် သက်ဆိုင်ရာ အမွေဆိုင်များထံ ပို့ဆောင်ရန်သောကဝေဖြာလျက်ရှိခဲ့၏။

ထို့ကြောင့်အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့စိတ်ရှိသူသည် သူတစ်ပါး၏အခွင့်အရေးတစ်ပြားတစ်ချပ်မျှမကျန် သက်ဆိုင်ရာပိုင်ဆိုင်သူထံသို့ ပေးဆောင်နိုင်စွမ်းရရှိလေ၏။

**သို့သော် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့စိတ် မရှိသူအဖို့မူ မည်မျှပင်ဖြစ်စေ သက်ဆိုင်ရာပိုင်ရှင်အား ပေးနိုင်စွမ်း မရရှိတတ်ချေ။**

## ကျွန်ုပ်ဘိုးတော်၏ဓလေ့

ကျွန်ုပ်ဘိုးတော်၏ဓလေ့တစ်ရပ်မှာ .....

သားချင်းများအနက် တစ်ဦးတစ်ယောက်သေဆုံး ကွယ်လွန်သွားသောအခါ ယင်းအားမြှုပ်နှံပြီးနောက် သင်္ချိုင်းမှ သူသေ၏ အိမ်သို့ကြွမြန်းတော်မူ၏။ ထို့နောက်တံခါးဝတွင် ထိုင်လိုက်လေ၏။ ဆင်းရဲနွမ်းပါးသောခေတ်ဖြစ်၏။ အများအားဖြင့် လူတို့သည်မချမ်းသာခဲ့ကြပေ။ ထို့ကြောင့် ဥစ္စာပစ္စည်း

လည်းများစွာ မချန်ရစ်တတ်ကြပေ။ ထိုအခါ ကျန်ရစ်သူမိသားစုအား ဘိုးတော်က ဤသို့ပြောဆိုလေ၏။

"ကွယ်လွန်သွားသူသည် မည်သည့်ဥစ္စာပစ္စည်းများအား ချန်ရစ်ခဲ့ပါသနည်း။ ထိုပစ္စည်းများအား အရှေ့သို့ ယူဆောင်လာကြကုန်။ ကျွန်ုပ်ထိုကျန်ရစ်ဥစ္စာပစ္စည်းများကို သက်ဆိုင်ရာအမွေဆိုင်တို့အား ခွဲဝေပေးလိုက်မည်။

ထိုအခါ အိမ်သူအိမ်သားများက ကျန်ရစ်သော ဥစ္စာနှင့် ပစ္စည်းပစ္စယများအား ဆရာသခင်ကြီးရှေ့သို့ ပို့ဆောင်လိုက်ကြ၏။ ဤတွင် ဘိုးတော်က ထိုနေရာ၌ပင် သက်ဆိုင်ရာအမွေဆိုင်တို့အား ခွဲဝေပေးလိုက်လေတော့၏။

ထိုမှ တဖန်မိမိအိမ်သို့ ပြန်တော်မူ၏။

အမှန်စင်စစ် ယှုရီအသ်တရားတော်၏ နည်းစနစ်မှာလည်း -

**ပထမ ..... ကဖန်၊ ဒဖန်ကိစ္စဆောင်ရွက်ရန်၊**

**ဒုတိယ ..... သူသေ၏ကြွေးမြီများအားလုံးပေးစပ်ရန်၊**

**တတိယ.... သူသေ၏မှာတမ်းမှု/ (သို့မဟုတ်) သေတမ်းစာအရ လက်ကျန်ဥစ္စာပစ္စည်းများအနက်မှ (၃) ပုံ (၁) ပုံ ထိ ဖြည့်စည်းရန်၊**

**စတုတ္ထ..... ထိုမှတဖန်ကျန်ရစ်သော ဥစ္စာပစ္စည်းများအား သက်ဆိုင်ရာအမွေဆိုင်တို့အား အတက်နိုင်ဆုံးစော်လျင်စွာခွဲဝေပေးရန်သာဖြစ်၏၊ တက်နိုင်သမျှ မကြန့်ကြာသင့်ပေ၊**

# သူတစ်ပါး၏ဥစ္စာပစ္စည်းအား မြှုံ၍ရယူလိုက်ခြင်းသည် မတရားမှုပင်ဖြစ်၏

မတော်တစ်များ .......

**မိမိစိတ်ဆန္ဒတွင် သူသေ၏ကျန်ရစ်သော အမွေအား "မခွဲဝေလိုပါ" ဟု သဘောပိုက်ထားခဲ့ပါလျှင် ဤသည်မှာ ကြီးမားသော မတရားမှုကြီးပင်ဖြစ်၏။**

ဟဒီစ်တော်တစ်ရပ်တွင် တမန်တော်မြတ် (ဆွ) မိန့်တော်မူခဲ့သည်မှာ .....

"**အကြင်သူသည် အမွေဆိုင်တစ်ဦးတစ်ယောက်အား အမွေမရစေခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည် ထိုသူအား ဂျန္နသ်တွင် ထိုသူ၏ဝေစုဝေပုံမှ မဲ့သွားစေလိမ့်မည်။**

*ကြည့် (အိဗ်နေမာဂျဟ်)*

**ထို့ကြောင့်အမွေဆိုင်တစ်ဦးတစ်ယောက်၏ ရပိုင်ခွင့်အား နစ်နာစေခြင်းမှာ ကြီးမားသည့် အပြစ်ဒဏ်ထိုက်သော ကိစ္စရပ်ပင်ဖြစ်၏။**

အခြားသော ဟဒီစ်တော်တစ်ပုဒ်တွင် ဤသို့လည်း လာရှိသေး၏။

တမန်တော်မြတ် (ဆွ) မိန့်ကြားတော်မူခဲ့သည်မှာ ...

**နားထောင်ကြလော့၊ အသင်တို့သည်မည်သူ့အပေါ်၌မျှ** မတရားမပြုကြလေနှင့်၊ ကြပ်ကြပ်သတိထားကြလေကုန်၊

ချည်သည့်မွတ်စလင်မ်တစ်ဦးတစ်ယောက်၏ ပစ္စည်းကိုမျှ
သင်း၏သဘောတူညီချက်မပါရှိဘဲ လုံးဝ'ဟလာလ်'မဖြစ်ချေ၊
ကြည့် (ဗိုက်ဟကီကျမ်း)

ဆိုလိုသည်မှာ . . . . .

"မည်သည့်မွတ်စလင်မ်တစ်ဦးတစ်ယောက်၏ ဥစ္စာ ပစ္စည်းအား (မတရား) ရယူမစားပစ်လေနှင့်၊ ထို့နောက်သေသူ ၏ ကျန်ရစ်သောအမွေဆိုင်အားလုံးတို့သည် ကျန်ရစ်သောဥစ္စာ ပစ္စည်းများတွင် မိမိတို့၏ရပိုင်ခွင့်နှင့်အညီ ပိုင်ဆိုင်ကြလေ၏။ ထို့ကြောင့် ထိုအမွေဆိုင်အားလုံး၏ သဘောတူညီချက်မပါရှိဘဲ သင်းဥစ္စာပစ္စည်းများအား မိမိက ထိန်းသိမ်းထားခြင်း သို့မဟုတ် မိမိသုံးဆောင်ခြင်း၊ စားသောက်ခြင်း စသည်များအားလုံးသည် 'ဇုလ်မ်" မတရားမှုပြုခြင်းနှင့် ပြုပိုင်ခွင့်မရှိသော "ဟရာမ်" ကိစ္စ ရပ်ပင်ဖြစ်ချေ၏။

အခြားဟဒီစ်တော်တစ်ရပ်တွင် တမန်တော်မြတ် (ဆွ) သည် ယင်းကိစ္စရပ်နှင့် ပတ်သက်၍ ရှင်းလင်းစွာ မိန့်ကြားတော် မူထားသည်မှာ . . . .

**နားထောင်ကြကုန်လော့၊ အကယ်၍ အသင်တို့သည် မိမိ၏ညီနောင်တော်တစ်ဦးတစ်ယောက်အား မတရားပြုမိခဲ့ပါ လျှင် . . . .**

**"ငွေလည်းမရှိ၊ အသပြာလည်းမရှိ 'ဒိရ်ဟမ်'လည်းမရှိ၊ ဒီနာရ်'လည်းမရှိ၊ သို့သော် မတရားပြုခဲ့သူထံ၌ ကောင်းမှုကုသိုလ် ရှိပါက မတရားပြုခံရသူ မွတ်စလင်မ်ညီနောင်အား ပြုခဲ့သည်နှင့်**

အမျှ ကုသိုလ်ကောင်းမှုပေးဆောင်ရမည်ဖြစ်ပြီး ကုသိုလ်ကောင်းမှုမရှိပါက မတရားပြုခံရသူ၏ အပြစ်ငရဲအား မိမိအပေါ် ကျရောက်စေမည့်နေ့ မဆိုက်ရောက်သေးမီ ယနေ့ပင် တောင်းပန်မှုပြုလိုက်လေကုန်။

*ကြည့် (ဗုခါရီကျမ်း)*

**သူသေ၏ကျန်ရစ်ဥစ္စာပစ္စည်းများအနက် အပ်တစ်ချောင်းပေါ်၌ပင် သက်ဆိုင်ရာအမွေဆိုင်အားလုံး၏ ပိုင်ဆိုင်မှု သက်ရောက်သွားလေ၏။ ထို့ကြောင့်သက်ဆိုင်ရာ အမွေဆိုင်အားလုံး၏ သဘောတူကျေနပ်မှုမပါရှိဘဲ ထိုပစ္စည်းဥစ္စာများ အနက် တစ်စုံတစ်ရာအား မည်သို့မျှသုံးစွဲပိုင်ခွင့်မရှိချေ။ အထူးသဖြင့် အမွေဆိုင်များတွင် အရွယ်မရောက်သေးသူလည်း ပါဝင်နေပါက ယင်းအမှုကိစ္စရပ်သည် ပို၍ပင်လေးနက်သွားလေ၏။ ထို့ကြောင့် အရွယ်မရောက်သေးသော လူမမယ်တို့နှင့် မိဘမဲ့ကလေးတို့၏ဥစ္စာပစ္စည်းအား စားသောက်ခြင်းနှင့် ပတ်သက်၍ အလ္လာဟ်အရှင်မြတ်က "ဟရာမ်" ပြုဟားခဲ့လေ၏။**

အဓိပ္ပါယ်။ ။ မုချကေန်အကျဉ်းသူများသည် ဘမဲ့ကလေးငယ်များ၏ ဥစ္စာပစ္စည်းများကို မတရားသဖြင့် စားသုံးကြ၏၊ မုချကေန် ထိုသူများသည် မိမိတို့ဝမ်းဗိုက်တွင်းသို့မီး (မီးကျီးခဲ)ကိုသာလျှင် (ထည့်သွင်း) စားသုံးကြ၏၊ ၎င်းပြင် ထိုသူများသည် မကြာမြင့်မီ အတွင်း အလျှံပြောင်ပြောင် တောက်လောင်လျက်ရှိသော ငရဲသို့ သက်ဆင်းဝင်ရောက်လာကြရပေမည်၊

***ကုရ်အာန် (၄း၁၀)***

## ကျွန်ုပ်တို့၏ အသိုင်းအဝိုင်းတွင် ပြန်နှံ့နေသော မတရားမှု ●

အမွေပစ္စည်းများမခွဲဝေပေးမှုအပေါ် ထိုမျှကြီးမား ကြောက်လန့်ဖွယ်ကောင်းလှသော **အဇါးဗ်**အပြစ်ဒဏ်ထိုက်မည့် အကြောင်း ကုရ်အာန်ကျမ်းတော်မြတ်၌ ပါရှိနေလေ၏။ သို့ပါသော်လည်း ယနေ့ကျွန်ုပ်တို့အသိုင်းအဝိုင်းတွင် အမွေခွဲဝေခြင်းအစဉ်အလာပင် အလွန်နည်းပါးသွားချေပြီ။ ဖခင် သေဆုံးကွယ်လွန်သွားသောအခါ သားဖြစ်သူကပိုင်ရှင်ဖြစ်သွား တတ်လေ၏။ အချို့သောညီအစ်ကိုများက **အစ်မနှင့်ညီမ**တို့အား အမွေမပေးကြချေ။

သူသေ၏ဇနီးအားလည်း အမွေမပေးတတ်ကြချေ။ မိခင်အားလည်း အမွေမရတော့ချေ။ သမီးများအားလည်း အမွေမပေးကြတော့ပေ။ ထို့အတူ အရွယ်မရောက်သေးသော ကလေးငယ်များ၏ အခွင့်အရေးများသည်လည်း အများအားဖြင့် ပျောက်ဆုံးလျက် ရှိနေလေ၏။ ထို့အတူ ဖခင်အသက်ရှင် နေစဉ်မှ ဖခင်နှင့်အတူ ဖခင်၏လုပ်ငန်းအား အနီးကပ်ဝိုင်းဝန်း လုပ်ဆောင်နေသူက ဖခင်ကွယ်လွန်သွားသောအခါ ဖခင်၏ လုပ်ငန်းသည် အလိုအလျောက်မိမိ၏လက်ဝယ်သို့ ရောက်ရှိလာ ၍ မိမိပိုင်ဟု ပြုလိုက်ကြလေ၏။ ထိုအခါ ဖခင်၏လုပ်ငန်းနှင့် ဝေးနေခဲ့သော အခြားသားတော်မောင်သည် အမွေမရရှိ၍ “ဖဿ်ဝါမမွှသတ်” မေးမြန်းကာ ပြသသော်လည်း လက်ဝယ်ရရှိ

ထားသော သားက "ကျွန်ုပ်အတွက် ဤဖယ်ဝါမမွေသတ် မလိုအပ်ပေ" ဟု ပြောဆိုကာ ငြင်းပယ်လျက်ရှိနေတတ်၏။

ဤမေတ္တာမှုသည် ယနေ့ကျွန်ုပ်တို့အသိုင်းအဝိုင်းတွင် မည်သည့်အချိန်မှစ၍ သန္ဓေတည်ခဲ့သည်ကို မသိရှိနိုင်သော မေတ္တာမှုပင်ဖြစ်၏။

## ကြောက်မက်ဖွယ်ကောင်းလှသော ဖြစ်စဉ်တစ်ရပ်

သူတော်စင်တစ်ပါးသည် အလွန်သံဝေဂရစရာ ရဖွယ်ကောင်းလှသောဖြစ်စဉ်တစ်ရပ်အား ဤသို့တင်ပြခဲ့လေ၏။ ယင်းသူတော်စဉ်၏ခေတ်အခါ သမယတွင် . . . .

"အလွန်ထင်ပေါ်ကျော်ကြားသော "အာလင်မ်" ကြီး တစ်ပါးရှိခဲ့၏။ ထို "အာလင်မ်" ဆရာသခင်ကြီး ကွယ်လွန်တော်မူသွားသောအခါ ယင်း၏တပည့်တစ်ဦးသည် သခင်ကြီးအား အိပ်မက်မက်လေ၏။ **အိပ်မက်ထဲတွင် သခင်ကြီးသည် ဟင်းလင်းပြင်တစ်ခုတွင် မွန်းတည့်ချိန်၏နေပူဒဏ်အား မခံနိုင်၍ ဝတ်လစ်စလစ်ဖြင့် ဟိုပြေးဒီပြေးဖြင့် မရှုမလှခံစားနေရကြောင်း တွေ့ရှိရလေ၏၊** ထိုအခါ တပည့်ဖြစ်သူက ဤသို့မေးမြန်းလေ၏။

**အို . . . ဆရာသခင်၊ ဆရာသည် မိမိဘဝတစ်သက်**

တာတလျှောက်လုံးအမိန့်နာခံမှု ခဝပ်ဆည်းကပ်မှုနှင့် သာသနာ့ အကျိုးသယ်ပိုးမှုများကိုသာ ပြုလုပ်ခဲ့လေ၏၊ သို့သော် အလ္လာဟ် အရှင်မြတ်သည် မည်သည့်ကောင်းမှုကိုမျှ လက်မခံခဲ့ပါသလော၊

ထိုအခါ အာလင်မ်ကြီးက ဤသို့ဖြေကြားလေ၏၊

"ဤသို့မဟုတ်ပေ၊ အလ္လာဟ်ရှင်မြတ် ပြုနိုင်စွမ်းချီးမြင့် တော်မူခဲ့သော အမလ်အိဗါဒ်သ်တိုင်းသည် ကဗူလ်ပြုလက်ခံတော် မူခြင်းခံခဲ့ရ၏၊ သို့သော် ယခုခံစားနေရသော အဖါပ်အပြစ်ဒဏ် မှာ မပြောပလောက်သော "အပ်" တစ်ချောင်းအတွက်သာလျှင် ဖြစ်ပေ၏၊

ထိုအခါ တပည့်ဖြစ်သူက ......

အဘယ်သို့ပါနည်း .... ဟု ပြန်မေးမြန်းလေ၏။

ဤတွင် ဆရာသခင် အာလင်မ်ကြီးက ဤသို့ပြောကြား လေ၏။

**မသေဆုံးမီရက်အနည်းငယ်အလျင်က အဝတ်ချုပ်ရန် အတွက် အိမ်နီးနားချင်းတစ်ဦးထံမှ "အပ်"တစ်ချောင်းအား ခေတ္တငှားရမ်းခဲ့လေ၏။ ထို့နောက်ချုပ်လိုသော အဝတ်အား ချုပ်ပြီးသောအခါ "အပ်" ကို ဘီဒိုထဲ၌ သိမ်းဆည်းထားမိလေ၏။ ပိုင်ရှင်အားပြန်ပေးရန် မေ့လျော့သွားခဲ့၏။ ထို့နောက် ဆရာ သေဆုံးခဲ့ရ၏။ ယခုအသင်တွေ့မြင်နေရသော အဖါပ်အပြစ်ဒဏ် သည် ထိုမပြောပလောက်သော အပ်တစ်ချောင်းအတွက်သာ ခံစားနေရခြင်းပင်ဖြစ်၏။ အသင်နံနက်အိပ်ရာမှ နိုးသော အခါ အိမ်သို့သွားရောက်လော့။**

ထို့နောက်ဘဒိုရီ၏မည်သည့်နေရာတွင် "အပ်" သိမ်းဆည်းထားကြောင်း အိမ်သူအိမ်သားများအား ပြောပြပါလေ။ ထို့နောက်ယင်း "အပ်" အားယူ၍ ထိုအိမ်နီးနား ချင်းအပ်ပိုင်ရှင်အား ပေးအပ်ပါလေ၊ သို့မှသာ ဤအခါမိ အပြစ်ဒဏ်မှ လွတ်ကင်းမှုရရှိနိုင်မည်ဖြစ်၏။

ထိုအခါ ..... တပည့်ဖြစ်သူက နံနက်မိုးလင်း အိပ်ယာမှ နိုးထသောအခါ မိမိဆရာအိမ်သို့သွားရောက်လေ၏။ ထို့နောက်အိမ်သူအိမ်သားများအား ဗိဒိုရီ၏မည်သည့်နေရာ၌ "အပ်" တစ်ချောင်းရှိပါသလော . . . ဟု မေးမြန်းလေ၏။

အိမ်သူအိမ်သားများက ရှာဖွေ၍တွေ့ရှိပါကြောင်း ဖြေကြားလေ၏။

ထိုအခါ ယင်းက ဤ"အပ်" သည် မည်သူ၏ "အပ်" ဖြစ်ကြောင်း အသင်တို့သိရှိပါသလော . . . ဟု မေးမြန်းလိုက်၏။

ဤတွင် အိမ်သူအိမ်သားများက ....

ဟုတ်ပါ့၊ ဤ "အပ်" သည် မည်သူမည်ဝါထံမှ ယူဆောင်လာခဲ့သော 'အပ်' ဖြစ်ပါကြောင်း သို့သော် အိမ်၌ ချုပ်သည့်အဆက်မပြတ်သွားလာနေသောကြောင့် မပေးရသေးကြောင်း၊ ချုပ်သည့်အသွားအလာကုန်ဆုံးသွားသောအခါ ဤ "အပ်" အား ပိုင်ရှင်၏လက်ဝယ်သို့ ပို့ပေးရန် ရည်ရွယ်ထားပါကြောင်းပြောဆိုလေ၏။

ဤတွင် ......

တပည့်ဖြစ်သူက . . . . ဤသို့ တင်ပြလိုက်လေ၏။

**ကျွန်ုပ်သည် ဆရာအား အိပ်မက်ထဲ၌ ဤ "အပ်' တစ်ချောင်းကြောင့် "အဝါဒ" အပြစ်ဒဏ်ခံရနေသည်ကို တွေ့မြင်ခဲ့၏၊ ထို့ကြောင့် ဤ "အပ်" ကို ကျွန်ုပ်အားပေးပါလေ၊ ကျွန်ုပ်သည် ပိုင်ရှင်အား လျင်မြန်စွာပေးအပ်လိုက်ပါမည်၊ ထို့နောက် ယခုကဲ့သို့ ကြာမြင့်သွားခြင်းအတွက်လည်း တောင်းပန်လိုက်ပေမည်၊**

တပည့်ဖြစ်သူသည် ယင်း "အပ်" အား ယူ၍ 'အပ်' ပိုင်ရှင်ထံသို့ အပ်နှံကာ ဤ "အပ်" ကြောင့် အာလင်မ်ကြီး အနေဖြင့် အပြစ်ဒဏ်ခံနေရကြောင်းကိုလည်း ပြောပြလိုက်၏၊

ထိုအခါ . . . **'အပ်' ပိုင်ရှင်က ကြားနာ၍ "ဤမျှသေးငယ်သောအရာအတွက်ပင် အပြစ်ဒဏ်ခံနေရပါသလော"** ဟု ပြောဆိုကာ ငိုကြွေးလေတော့၏။ ထို့နောက်ဤသို့ ပြောဆိုလေ၏။

**"ကျွန်ုပ်သည် အလ္လာဟ်အတွက် ထိုသူအား ခွင့်လွှတ်လိုက်ပါ၏။ အို ... အလ္လာဟ်...အရှင်မြတ်သည်လည်း ထိုသူအား လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ။**

ဆက်လက်၍ တပည့်ဖြစ်သူကပြောကြားခဲ့သည်မှာ. . .

ကျွန်ုပ်သည် ထိုညတွင် အိပ်ပျော်သွားသောအခါ တဖန် မိမိဆရာအားအိပ်မက်မက်လေ၏။ သို့သော် ယခုအကြိမ်တွင် မြင်ကွင်း သည် ပြောင်းလဲနေ၏။ **အာလင်မ်ဆရာသခင်ကြီး သည် အလွန်လှပစိမ်းလန်းစိုပြေလှသော ဥယျာဉ်တစ်ခု၏**

အလယ်တွင် ထိုင်ခင်းတစ်ခုပေါ် အနားယူလျက်ရှိနေ၏၊ လေးဘက်လေးရံတွင် ပြုစုမည့်သူများအသင့်ရှိနေ၏၊ သစ်သီးဝလံအပင်များရှိနေ၏၊ လေပြေလေညင်းများ တိုက်ခတ်နေ၏၊ ကျွန်ုပ်သည် အနားသို့သွား၍ ဆရာ့အား စလာမ်ဆို၏၊ ထို့နောက် ယခုအခြေအနေအဘယ်သို့နည်း . . . . ဟုမေးမြန်းလေ၏။

ထိုအခါ ဆရာက ကျွန်ုပ်အား ဤသို့ဖြေကြားလေ၏၊

အသင်သည် "အပ်" ကို ယူ၍ အပ်ပိုင်ရှင်အားသွားပေးရာတွင် အပ်ပိုင်ရှင်က "အလ္လာဟ်အတွက် ခွင့်လွှတ်လိုက်ပါ၏" ဟု ပြောဆိုလိုက်သည်နှင့်တပြိုင်နက် အစါးစ်အပြစ်ဒဏ်မှ လွတ်မြောက်သွားခဲ့၏။ ယခုအသင်တွေ့မြင်နေသော "နေအိမ်" စည်းစိမ်သည် သာသနာ့အကျိုးသယ်ပိုးခြင်း၏ ရလာဒ်ပင်ဖြစ်၏။

## ဆွဟာဗဟ်နှစ်ပါး၏ အထူးကာတီသစ္စာ

မည်သို့ပင်ဖြစ်စေ . . . . ကျွန်ုပ်တို့အထူးဂရုပြုရမည်မှာ . . . . . .

အကယ်၍ မတော်တစပင် တစ်ဦးတစ်ယောက်၏ အခွင့်အရေးတစ်စုံတစ်ရာပေးဆပ်ရန် ကျန်ရှိခဲ့ပါက ယင်း၏

အပြစ်ဒဏ်အား မုချခံစားရလိမ့်မည်ဖြစ်၏။

ဤသည်နှင့် ပတ်သက်၍ပင် ဖြစ်စဉ်တစ်ရပ်အား ထပ်မံတင်ပြပေမည်။

ဟဒီစ်ကျမ်းတော်များတွင် လာရှိသည်မှာ ....

ဆဟာဗီနှစ်ပါးရှိခဲ့၏။

တစ်ပါးမှာ .... **အောဖ် ဗင်န် မာလစ်(က) ရသွိ**သခင်

နောက်တစ်ပါးမှာ .... **ဆွအဗ် ဗင်န် ဂျုစာမဟ်(ရသွိ)** သခင်တို့ဖြစ်ကြ၏။ ဤဆွဟာဗီနှစ်ပါးသည် တစ်ဦးနှင့်တစ်ဦး အလွန်ချစ်ခင်ရင်းနှီးခဲ့ကြလေ၏။

တရံရောအခါက .... **ဆွအဗ်(ရသွိ)**သခင်သည် မိတ်ဆွေကြီး **အောဖ်(ရသွိ)** သခင်အား ဤသို့ပြောဆိုလေ၏။

**အသင်ကျွန်ုပ်အား ကတိဖာစ်ရပ်ပြုပါလေ၊**

**ကအဗ်**သခင်က မည်သို့ ကတိပြုရမည့်အကြောင်း မေးမြန်းလေ၏။

ထိုအခါ **ဆွအဗ်** သခင်က ဤသို့ပြောဆိုလေ၏။

ကျွန်ုပ်တို့နှစ်ဦးအနက် ပထမသေဆုံးသောသူက အိပ်မက်ထဲတွင် ဒုတိယလူနှင့် လာရောက်တွေ့ဆုံမည့် အကြောင်း ကတိပြုပါလေ။

ထိုအခါ .... **အောဖ်(ရသွိ)** သခင်က **ဤသို့များ ဖြစ်နိုင်ပါမည်လော?** .... ဟုမေးမြန်းလေ၏။

**ဆွအဗ်**သခင်က "**ဖြစ်နိုင်ကြောင်း**" ပြေကြားလေ၏။

ဤတွင် ....

အောဖ်သခင်က ဤသို့ဖြစ်နိုင်သည်ဆိုပါလျှင် **ကတိပြု ပါ၏** ဟု ပြောကြားလိုက်၏။

## ဒီနာရီ (၁၀) ခုအတွက် အလားပါအပြစ်ဒဏ်

ပထမ - **ဆွအစ်သခင်** ကွယ်လွန်တော်မူခဲ့၏။ ယင်းသည်ပင် ကတိပြုစေခဲ့သူဖြစ်၏။ ကွယ်လွန်ပြီး ပထမညဉ့်ပ၊ အိပ်မက်ထဲတွင် **အောဖ်(ရသို့)** သခင်နှင့် တွေ့ဆုံရန် ရောက်ရှိလာ၏။ ထိုအခါ "အောဖ်" သခင်က .... **အဘယ်ကဲ့သို့ ကြုံခဲ့ရပါသနည်း** .... ဟု မေးမြန်းလေ၏။

ဤတွင် ..... ဆွအစ်သခင်က ဤသို့ ဖြေကြားလေ၏။

**အခက်အခဲပေါင်းများစွာနှင့် ရင်ဆိုင်ပြီးကာမှ ယခု လွတ်ကင်းမှုရရှိခဲ့၏။ စကားပြောဆိုနေစဉ် 'အောဖ်'သခင်သည် ဆွအစ်သခင်၏လည်ကုပ်ပေါ်တွင် မည်းနက်နေသော ဒဏ်ရာအားတွေ့မြင်လိုက်၏၊ 'ဆွအစ်'သခင်အား မေးမြန်းရာ သခင်က ဤသို့ဖြေကြားပြန်၏။**

**ကျွန်ုပ်သည် လိုအပ်ချက်တစ်ရပ်အတွက် ယဟူဒီ တစ်ဦးထံမှ ဒီနာရီ (၁၀) ခု အကြွေးယူခဲ့၏။ ထိုအကြွေးအား**

မပေးဆပ်မီ၌ပင် ကျွန်ုပ်သေဆုံးခဲ့ရ၏။ ထိုဒီနာရ် (၁၀)ခု အား မပေးဆပ်ခဲ့သည့်အတွက် လောင်ကျွမ်းခံရသော အပြစ်ဒဏ်အား ခံစားခဲ့ရခြင်းဖြစ်၏။ ထိုဒီနာရ် (၁၀) ခုသည် ယခုထိပင် ကျွန်ုပ်အိမ်၏မြားအိပ်တွင် ရှိနေ၏။ အသင်နံနက် စောစော ကျွန်ုပ်၏အိမ်သို့သွားကာ အိမ်သူအိမ်သားများထံမှ မြားအိပ်တောင်းခံရယူပါလေ။ ထို့နောက်ယင်းအိပ်ထဲမှ ဒီနာရ် (၁၀) ခု ထုတ်ယူ၍ ထိုသူအား ပေးဆပ်ပါလေ၊ သို့မှသာ ကျွန်ုပ်၏ဒုက္ခ များသည် ပပျောက်သွားပေမည်။

## လက်ချောင်းများတွင် နာကျင်ခံစားရမှု

အောဖ်(ရသွီ)သခင်သည် ဆက်လက်၍တွေ့ရှိခဲ့သည်မှာ . . . .

ဆွအဗ် သခင်၏ လက်ချောင်းများအား အဝတ်ဖြင့် ပတ်စည်းထားလေ၏။ ထို့နောက်အတွင်း၌လက်ချောင်းများသည် အလွန်ဒဏ်ရာပြင်းထန်နေသည်ဟု ထင်မှတ်ရ၏။ ထိုအခါအောဖ်(ရသွီ)သခင်က . . . . .

လက်ချောင်းများတွင် ဘာများဖြစ်ရပါသနည်း ?. . . ဟု မေးမြန်းလိုက်ပြန်၏၊ ဤတွင် . . . "ဆွအ်ဗ်"သခင်က ဤသို့

ပြေကြားလေ၏။

**ဝိညာဉ်နုတ်ခံရချိန်တွင် ခံစားလိုက်ရသော ဒဏ်သည် အဘယ်မျှပြင်းထန်ခဲ့သည်ဆိုသော်. . .**

ထိုခံစားမှုဒဏ်ကြောင့် မိမိလက်များကိုပင် ကိုက်ဝါး ပစ်ခဲ့လေ၏။ ထို့နောက် အလ္လာဟ် အရှင်မြတ်၏ရှေ့တော် မှောက်သို့ ဝင်ရောက်ခစားရသောအခါ အလ္လာဟ်အရှင်မြတ်က ဤသို့မိန့်ကြားတော်မူ၏။

**"အသင်ကိုယ်တိုင်ဖျက်ဆီးခဲ့သောအရာကို ငါအရှင်သခင် ပြုပြင်ပေးမည်မဟုတ်။**

အသင်တွေ့မြင်လျှင် စိတ်မချမ်းမသာ ဖြစ်မည့်အတွက် ကျွန်ုပ်သည် ယင်းဒဏ်ရာအားကွယ်ဝှက်ထား ခြင်းဖြစ်၏။

## တမန်တော်မြတ်ထောင်းဆုပြုခြင်း၏ အကျိုးကျေးဇူး

"အောဖ်" သခင်ဆက်လက် ပြောကြားတော်မူခဲ့သည် မှာ. . . .

**နံနက်မိုးလင်းသောအခါ ကျွန်ုပ်သည် ဦးစွာ 'ဆွအဗ်' သခင်၏အိမ်သို့ သွားရောက်ခဲ့၏၊ ထို့နောက် "မြားအိပ်" အား တောင်းခံလေ၏၊ အိပ်ထဲတွင် အမှန်တကယ် ဒီနာရ် (၁၀)**

ခုထည့်ထားသည်ကို တွေ့လိုက်ရ၏။ ထို'ယဟူဒီ'ထံမှ အကြွေး ယူထားသော 'ဒီနာရ်'သည် သုံးပင်မသုံးရသေးဟု ထင်ရလေ၏။ ကျွန်ုပ်သည် ထိုကြွေးမြီးအား ယဟူဒီထံသွားရောက်ပေးဆပ် လိုက်၏။ ထို့နောက် တမန်တော်မြတ်ထံတော်ပါးသို့ သွားရောက်ခစားကာ မြင်မက်ခဲ့သောအိပ်မက်၏အကြောင်း စုံအား လျှောက်ထားတင်ပြလိုက်၏။ ကြွေးမြီးပေးဆပ်လိုက် ကြောင်းကိုလည်း တင်ပြလိုက်၏။ သို့သော် "ဆွအဗ်"၏ လက် ဖဝါးရှိ မကြည့်ရက် လောက်အောင် ပြင်းထန်နေပ် ကြောင်း၊ ထို့ကြောင့် တမန်တော်မြတ်အနေဖြင့် တောင်းဆုပြု ပေးပါရန်အကြောင်း ဆက်လက်လျှောက်ထားလေ၏။

ထိုအခါ တမန်တော်မြတ်(ဆွ)သည် . . . . .

မိမိ၏လက်တော်အားမ,၍ အရှင်မြတ်ထံတော်ပါး၌ ဤသို့တောင်းဆုပြုလိုက်လေ၏။

**"အို .... အလ္လာဟ်, ထိုသူအား လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ။"**

ဒုတိယညတွင် ကျွန်ုပ်အိပ်ပျော်သွားသောအခါ "ဆွအဗ်" သည် အိပ်မက်ထဲ၌ တဖန်ရောက်ရှိလာပြန်၏။ ထိုအခါ ယင်း၏ လည်ကုပ်ပေါ်တွင် ဒဏ်ရာမရှိတော့ချေ။ ယင်း၏ လက်ချောင်း ဒဏ်ရာများသည်လည်း ပျောက်ကင်းသက်သာနေကြောင်း တွေ့ရှိရလေ၏။

**ကြည့် [အိမ်နေဇာဝိဿသွန်း(န)ယာ]**

# သမီးအားခန်းဝင်ပစ္စည်းများ ထည့်ပေးခြင်းဖြင့် အမွေရပိုင်ခွင့်ဖျင် မည်သို့မျှ လျော့မသွားပေ

အထက်တွင်ဖော်ပြခဲ့သော ဖြစ်စဉ်နှစ်ရပ်တွင် ပထမ ဖြစ်စဉ်သည် သူတော်စင်ဆရာသခင် အာလင်မ်ကြီးတစ်ပါး၏ ဖြစ်စဉ်ပင်ဖြစ်၏။ ထိုသူတော်စင်မှာ "အပ်" တစ်ချောင်းအတွက် အဇါဗ်အပြစ်ဒဏ် ခံရခြင်းဖြစ်၏။ ဒုတိယမှာ "ဆွဟာဗီ" တစ်ပါးဖြစ်ရပ်ပင်ဖြစ်၏။ ယင်းသည် ဒီနာရ် (၁၀) ခု ကြောင့်သာ အလွန်ကြီးမားသော အဇါဗ်အပြစ်ဒဏ်ခံ ရခြင်းဖြစ်၏။

**အို . . . . လေးစားအပ်ပါသော ကျွန်ုပ်၏မွတ်စလင် ညီအစ်ကိုမောင်နှမများခင်ဗျား . . . .။**

လေးနက်စွာ ဆင်ခြင်သုံးသပ်ပါလေ။

**ကျွန်ုပ်တို့သည် "အမွေ" မခွဲဝေပေးပါက ယင်း၏အပြစ် ဒဏ်အား အဘယ်မျှကြောက်လန့်ရင်ထိတ်ဖွယ်ကောင်းလှစွာ ခံစားရမည်နည်း။**

အချို့သောသူများသည် သားယောက်ျားလေးများကို တော့ အမွေခွဲဝေပေးလိုက်၏၊ သို့သော် 'အစ်မ'နှင့်'နှစ်မ'များကို မပေးကြတော့ချေ၊ ဤသည်မှာ ကျွန်ုပ်တို့၏အသိုင်းအဝိုင်းတွင် ဖြစ်ပေါ်နေသော အလွန်ကြီးမားသည့် မတရားမှုပင်ဖြစ်ပေ၏၊

သမီးမိန်းခလေးများသည် အားနွဲ့သူများဖြစ်ကြတုန်၏၊

အရှက်အကြောက်ကြီး၍ မိမိတို့၏ရပိုင်ခွင့်အမွေအား အများအားဖြင့်မတောင်းခံတက်ကြပေ၊ သို့သော် အကယ်၍ တစ်ဦးတစ်ယောက်သော သမီးမိန်းခလေးက အမွေတောင်းခံခဲ့ပါလျှင်လည်း 'အစ်ကို'နှင့် 'မောင်'ဖြစ်သူတို့က ဤသို့လွယ်ကူစွာ ဆင်ခြေပေးကာ အမွေမဲ့စေလိုက်၏။

"အသင်၏မင်္ဂလာအခန်းအနားတွင် ဖေဖေကုန်ကျခံခဲ့သော ကုန်ကျစရိတ်များနှင့် စန်းဝစ်ပစ္စည်းများသည် အသင်၏ရပိုင်ခွင့်အမွေပင်ဖြစ်၏။ ထို့ကြောင့် ယခုအသင်အမွေရစရာအကြောင်းပင်မရှိတော့ချေ။"

ကောင်းစွာမှတ်သားလေကုန်။

*ထိုအဖြေသည် လုံးဝ မှားယွင်းသောအဖြေဖြစ်၏၊*

အဘယ့်ကြောင့်ဆိုသော် ......

မိခင် (သို့မဟုတ်) ဖခင်သည် အသက်ရှင်နေသည့် ကာလတွင် သားသမီးအားပေးလိုက်သော ဥစ္စာပစ္စည်းသည် "ဟဒ်ယတ်" နှင့် "သိ(ဟ)ဗဟ်" လက်ဆောင်ပင်ဖြစ်ချေ၏။ ထိုဥစ္စာပစ္စည်းသည် အမွေနှင့်စိုးစဉ်မျှ မပတ်သက်ချေ။

အမွေဆိုသည်မှာ .....

သေဆုံးကွယ်လွန်ချိန်တွင် ချန်ရစ်ခဲ့သော ဥစ္စာပစ္စည်းများကိုသာ "အမွေ" ဟုခေါ်၏။ ထိုကျန်ရစ်ပစ္စည်းဥစ္စာတွင် ကျန်ရစ်သောအမွေဆိုင်အားလုံးတို့သည် မိမိတို့၏ရပိုင်ခွင့်နှင့် အညီ အသီးသီးပိုင်ဆိုင်ကြကုန်၏။

မိမိသေဆုံးကွယ်လွန်ပြီးနောက် မိမိ၏ကျန်ရစ်သော

အရာများအား အမွေဆက်ခံမည့်သူအား မိမိအသက်ထင်ရှားစွာ ရှိနေစဉ်က ပေးခဲ့သောပစ္စည်းဥစ္စာသည် ထိုကျန်ရစ်အမွေနှင့် လုံးဝမပတ်သက်ပေ။ ထို့ကြောင့် သေသူ၏ကျန်ရစ်ဥစ္စာပစ္စည်းမှ ရပိုင်ခွင့်အမွေသည် တပြားသားမျှ မဆုတ်ယုတ်သွားပေ။

## အစ်ကို / မောင်လိုသလော၊ ? ဥစ္စာလိုသလော?

အလ္လာဟ်အရှင်မြတ် ကယ်တော်မူပါစေ။

အချို့ **အစ်ကိုနှင့်** **မောင်**ဖြစ်သူတို့သည် **အစ်မနှင့်နှမ**တို့ အမွေတောင်းခံလာကြသေအခါ ဤသို့ရင်နာစဖွယ်အဖြေပေးတတ်ကြလေ၏။

**"အသင် အစ်ကို လိုသလော၊? မောင်လိုသလော၊ ? ဥစ္စာပစ္စည်းလိုသလော၊?"**

ထိုသို့ပြောကြားခြင်း၏အလို သဘောမှာ . . . . .

*အကယ်၍အသင်သည် မိမိရပိုင်ခွင့်အမွေအားရယူလိုပါလျှင် အမြဲတစေအတွက် ကျွန်ုပ်နှင့်သေခန်းဖြတ်ရမည်။ ကျွန်ုပ်သည် မည်သည့်အခါမျှအသင့်အား အခေါ်အပြောပြုတော့မည်မဟုတ်၊ အသင့်ထံသို့ မည်သည့်အခါမျှ*

လာရောက်တော့မည်မဟုတ်၊ သေဆုံးကွယ်လွန်သောအခါတွင်လည်း လာရောက်လိမ့်မည်မဟုတ်ချေ။

သို့သော် . . . . . . .

***အကယ်၍ အသင်သည် မိမိ၏အမွေအား မရယူဘဲ ကျွန်ုပ်တို့ ညီအစ်ကိုများအတွက် ချန်ထားလိုက်ပါက . . . ကျွန်ုပ်တို့သည် အစ်ကိုအဖြစ်လည်းကောင်း၊ မောင်အဖြစ်လည်းကောင်း ဆက်လက်ရှိနေကြလိမ့်မည်ဖြစ်၏၊ အသင်၏သားရေး နာရေးကိစ္စအဝဝတွင်လည်း ထပ်တူတစ်မျှ ပါဝင်ရှိကြလိမ့်မည်ဖြစ်၏၊***

ယခုခေတ် ကျွန်ုပ်တို့ အသိုင်းအဝိုင်းတွင် ဤမျှကြီးမားသော ကောက်ကျစ်ဆင်လဲမှုသည် အများအားဖြင့် ဖြစ်ပေါ်နေကာ မဟာမတရားမှုအား ပြုလုပ်နေကြလေ၏။

📖✍

## ညီအစ်မများထံမှ ''အမွေ'' အား လွှဲပြောင်းရယူခြင်း

အချို့အလွန်သာသနာရေးကိုင်းရှိုင်းကြပါသည်ဟု ခံယူကြသောသူများကပင် "နှစ်မ"နှင့် "အစ်မ"တို့အား ဤသို့ ပြောဆိုလေ၏။

**အစ်မ(သို့) ညီမလေး အမွေအား ကိုကို(သို့) မောင်လေး အတွက် လွှဲအပ်ပေးလိုက်ပါလေ၊**

ထိုအခါ **အစ်မသို့မဟုတ် ညီမဖြစ်သူက** နှုတ်ဖြင့်သာ ဤသို့ပြောဆိုလေ၏။

**ကျွန်မတို့သည် "အမွေ"အားလုံးအား အသင့်အတွက် စွန့်လွှတ်လိုက်ချေပြီ။**

ထိုအခါ . . . . ယင်းနှုတ်ဖြင့်သာ လွှဲခံရသူ **မောင်(သို့) အစ်ကိုဖြစ်** သူက ထို 'အမွေ'များနှင့်ပတ်သက်၍ မိမိတစ်ဦး တည်းသာ ပိုင်ဆိုင်တော့ကြောင်း . . . . သူသေ၏ဇနီးနှင့် အခြားသော သားသမီးတို့နှင့် မည်သို့မျှမပတ်သက်တော့ ကြောင်း ကြေညာပြောဆိုလာတော့၏။

**ကောင်းစွာမှတ်သားထားလေကုန် . . . . .**

အမွေအားလုံးအား တစ်ဦးတစ်ယောက်က ထိုကဲ့သို့ လွှဲပေးလိုက်၍ လွှဲခံရသူက လုံးဝမပိုင်ချေ။ ထိုသို့နှုတ်အားဖြင့် ပြောဆိုလွှဲအပ်ခြင်းသည် ရှရီအသ်တရားတော်၌ တရား မဝင်ပေ။ ထို့ကြောင့် ထိုညီအစ်မများ၏ပိုင်ဆိုင်ခွင့်အမွေအား ထိုညီအစ်ကိုများအနေဖြင့် သုံးစွဲပိုင်ခွင့် "ဟလာလ်" မဖြစ်ချေ။

# အစ္စလာမ်မှအပအခြားအယူအဆ

**"အမျိုးသမီးမိန်းခလေးများအား အဘယ်ကြောင့် အမွေခွဲဝေပေးရမည်နည်း"** ဟူသော အယူအဆသည် အစ္စလာမ့်အယူအဆမဟုတ်ပေ၊ ဤသည်မှာ အခြားအယူအဆပင်ဖြစ်၏။

အခြားအယူအဆတွင် အမျိုးသမီးများအတွက် အမွေမခွဲဝေပေးရပေ၊ တနည်းအမွေခွဲဝေရာတွင် အမျိုးသမီးများမပါဝင်ကြချေ။ မိဘနှစ်ပါးအသက်ရှင်နေစဉ် ပေးလိုက်သောပစ္စည်းဥစ္စာသည်ပင် အပြီးဖြစ်၏။ ထို့ကြောင့် ကျန်ရစ်သောအမွေသည် သားယောကျ်ားလေးများအတွက်သာလျှင် ဖြစ်၏။ ဤသည်မှာ အခြားအချို့ ဘာသာဝင်များအတွက်သာလျှင်ဖြစ်၏။

ကျွန်ုပ်တို့အထူးသတိထားရမည်မှာ .....

**လူတစ်ဦး၏**

**(က) ထိမ်းမြားမှုကိစ္စ**

**(ခ) ကွာရှင်းမှုကိစ္စ ..... နှင့်**

**(ဂ) အမွေခွဲဝေပေးမှုကိစ္စတို့အား နိုင်ငံတော်တရားရုံးများမှလည်း သက်ဆိုင်ရာဘာသာ၏ဥပဒေပြဌာန်းချက်နှင့်အညီ စီရင်ဆုံးဖြတ်ပေးလျက်ရှိနေ၏။**

ဥပမာ ... ဆိုရသော်

မွတ်စလင်မ်တစ်ဦး၏ အမွေခွဲဝေမှုကိစ္စအား အခြားဘာသာစီရင်ထုံးအရ တရားမစီရင်ဘဲ အစ္စလာမ့်ဥပဒေ

အရသာ တရားစီရင်ချက်

ချမှတ်ပေးလေ၏၊

ဤသည်မှာ . . . . .

**နိုင်ငံတော်က သက်ဆိုင်ရာဘာသာဝင်တို့၏ ဘာသာသာသနာအား အသေးစိတ်အလေးထားဆောင်ရွက်ပေးခြင်းပင်ဖြစ်၏။**

သို့သော် ယနေ့ဝမ်းနည်းဖွယ်ကောင်းလှသည်မှာ . . .

ကျွန်ုပ်တို့အနက်အချို့ အစ္စလာမ်ဘာသာဝင်များသည် သက်ဆိုင်ရာအမွေဆိုင်များအား အမွေခွဲဝေပေးရတော့မည့်အခါတွင် မိမိသက်ဝင်ယုံကြည်ထားသော ဘာသာသာသနာရေး တရာစီရင်ထုံးအား မျက်ကွယ်ပြုကာ အလေးမထားလိုကြပေ၊ ထို့နောက် မိမိဆန္ဒအလျှောက် မိမိအစွမ်းသရွေ့ မိမိပြုချင်ရာကို ပြုလုပ်လေတော့၏။

# အမျိုးသမီးတို့၏ ဝေစုအား ယင်းတို့၏ လက်ဝယ်သို့ ဦးစွာအပ်နှံရန်

အမွေခွဲဝေကြသောအခါ အမျိုးသမီးတို့၏ ဝေစုအား ယင်းတို့၏ လက်ဝယ်သို့ ဦးစွာအပ်နှံပါ။ ယင်းသို့ လက်ဝယ်မအပ်မီတွင် **"ကျွန်မ အမွေမလိုပါ" "ကျွန်မမယူပါ"** ဟု နှုတ်မှပင် သာမန်အားဖြင့် ပြောဆိုခြင်းအား အတည်မယူနိုင်ပေ။ ထို့ကြောင့် ယင်းတို့၏ ရပိုင်ခွင့်အား ယင်းတို့၏ လက်ဝယ်သို့ တိုက်ရိုက်အပ်နှံပြီး ယင်းတို့အား လွတ်လပ်စွာ သုံးစွဲပိုင်ခွင့်ရှိကြောင်း ပြောဆိုလိုက်ပါ။ ထိုသို့အပ်နှံပြီးသောအခါမှ ထိုအမျိုးသမီး၏ ပြုမူဆောင်ရွက်မှုသာလျှင် အတည်ဖြစ်၏။

အဘယ်ကြောင့်ဆိုသော်......

အချို့ အစ္စလာမ် အသိုင်းအသိုင်းတွင် အမျိုးသမီးအား **"အမွေနှင့် မသက်ဆိုင်ပေ"**ဟု ပြောဆိုကာ အမွေမပေးခြင်း အစဉ်အလာလည်း ရှိတတ်နေ၏။ တဖန် အချို့ အစ်ကိုမောင်တော်စပ်ကြသော အမျိုးသားများကလည်း ကျန်ရစ်ပစ္စည်းများအနက် **စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်ခန်း** စသည်များကို အမွေခွဲရာတွင် အမျိုးသမီးတို့၏ လက်ဝယ်သို့ မရောက်စေလိုဘဲ မိမိသည် အမျိုးသားဖြစ်၍ မိမိသာ ရသင့်သည်ဟု ယူဆကြလေ၏။

ထို့ကြောင့် အမျိုးသားများ အနေဖြင့်လည်း မိမိတို့၏ **မိခင် နှစ်မနှင့် အစ်မ၊ မိထွေး** စသည်တို့အား ရှရီအသ် တရားတော်နှင့်အညီ အမွေခွဲဝေပေးရာတွင် လုံးဝမတွန့်တိုဘဲ အလွန်သဘောထားကြီးစွာဖြင့် ယင်းတို့၏ ရပိုင်ခွင့်များအား ယင်းတို့၏ လက်ဝယ်အရောက် ခွဲပေးသင့်လေ၏။ သို့မှသာ အမျိုးသားများ အနေဖြင့် အမျိုးသမီးတို့၏ အခွင့်အရေးနှင့် ပတ်သက်၍ အရှင်မြတ်ထံတော်ပါးတွင် လုံဝ တာဝန်ကင်းစင်သူများ ဖြစ်ကြပေလိမ့်မည်။

အမျိုးသမီးတို့၏ ပိုင်ဆိုင်မှုများသည် ယင်းတို့၏ လက်ဝယ်သို့ ရောက်ပြီးသောအခါမှ ယင်းတို့က...

တစ်ဦးတစ်ယောက်အား ပေးခြင်း။

**အလှူဒါန ပြုလုပ်ခြင်း** စသည့် ကိစ္စရပ်များသည် အမှန်တကယ် စိတ်နှလုံးသားမှ ပြုလုပ်ခြင်း ဖြစ်ပေမည်၊ သို့မှသာ အထမြောက် ပေမည်။ အကယ်၍ ယင်းတို့၏ အခွင့်အရေးအား လက်ဝယ်သို့ မအပ်နှံပဲ"နှုတ်မှပင် ယင်းအမွေပစ္စည်းများအား ဘာလုပ်ချင်ပါသနည်း ဟု မေးမြန်းလာ၍ ဖြေကြားသော အဖြေသည် အမှန်တကယ် စိတ်နှလုံးသားမှ လုပ်ချင်ရာကို ဖြေကြားသော အဖြေ မဖြစ်နိုင်ပေ။ အားနာ၍သော်လည်းကောင်း ရှက်ကြောက်၍ သော်လည်းကောင်း၊ လက်ဝယ်သို့ တောင်းခံရယူလိုက်လျှင် အမွေမက်သည်ဟု ပြောခံရ မည်ကို စိုးရိမ်ရ၍ သော်လည်းကောင်း၊ စိတ်ထဲမှ မပြောချင် မပြုချင်သည်များကိုသာ နှုတ်မှ ပြောကြားလိမ့်မည် ဖြစ်၏။ ထိုသို့ ပြောဆိုသော စကားသည် တရားတော်၌ အခြေအမြစ်မရှိချေ။

## အိမ်တွင်းရေး ပစ္စည်းပစ္စယများပေါ် ဇနီး(သို့) သမီး မိန်းကလေးတို့၏ လက်ဝါးကြီးအုပ်မှု

အချို့သော ကျွန်ုပ်တို့၏ အသိုင်းအဝိုင်းတွင် သေဆုံးကွယ်သူ၏ ကျန်ရစ်ပစ္စည်းများအနက် **အလုပ်ရုံ၊ စက်ရုံ၊ ဆိုင်လုပ်ငန်းနှင့် ကုမ္ပဏီ** လုပ်ငန်းစသည်များကိုတော့ သားယောကျ်ားလေးများပိုင်ဟု ပြုလုပ်လိုက်ကြ၏။ **ထို့နောက် အိမ်အတွင်း၌ ရှိတတ်သော အိမ်ထောင်မှုဆိုင်ရာ ပစ္စည်း ပစ္စယများအား သမီး မိန်းကလေးများ (သို့) ဇနီးဖြစ်သူက သိမ်းယူပိုင်ဆိုင်တတ်လေ၏။ ထိုအခါ အမျိုးသမီး များက အိမ်အတွင်းရှိ ပစ္စည်း ပစ္စယများအား မိမိတို့ စိတ်ကြိုက် လိုသလို သုံးစွဲလေတော့၏။**

ကောင်းစွာ မှတ်သားထားလေကုန်။

အမျိုးသားများအနေဖြင့် ဖော်ပြပါ အရာများအပေါ် မတရားပိုင်ဆိုင်ခွင့် မရှိသကဲ့သို့ အမျိုးသမီးများအတွက်လည်း အိမ်တွင်းသုံးပစ္စည်းများအား မတရား ပိုင်ဆိုင်ခွင့်လုံးဝ (လုံးဝ) မရှိပေ။ သူသေ၏ အိမ်အတွင်းပစ္စည်းနှင့် ပြင်ပပစ္စည်း ပစ္စယအားလုံးအား ကျန်ရစ်သော အမွေဆိုင်အားလုံးက မိမိတို့၏ရပိုင်ခွင့်နှင့်အညီ အသီးသီး ပိုင်ဆိုင်ကြလေ၏။

ဥပမာ သူသေ၏ ကျန်ရစ်စက်ရုံတစ်ခုအား အမွေဆိုင် အမျိုးသားအမျိုးသမီးများအား အားလုံးပိုင်ဆိုင်ကြသကဲ့သို့ အိမ်တွင်းသုံး 'အိုး' 'ခွက်' 'ပန်းကန်' 'ဖွန်း' စသည်များတွင်လည်း အမွေဆိုင် အမျိုးသား အမျိုးသမီးအားလုံးက ပိုင်ဆိုင်ကြလေ၏။

## ဦးစွာ ဓမ္မသတ်ရယူပါလေ

ထို့ကြောင့် သေဆုံးကွယ်လွန်မှု ဖြစ်သွားပြီးသည်နှင့် ကျန်ရစ်အမွေဆိုင်တို့က အစ္စလာမ့် ဓမ္မသတ်ဌာနမှ ဓမ္မသတ်ဆုံးဖြတ်ချက်ရယူသင့်ပေ၏။ ဓမ္မသတ်ဖြေကြားချက် ရရှိသည်နှင့် တစ်ပြိုင်နက် ကျန်ရစ်အမွေဆိုင်များအနေဖြင့် ထိုဓမ္မသတ် ဆုံးဖြတ်ချက်အတိုင်း ခွဲဝေရယူမှု ကိစ္စအား အမြန်ဆုံး ဆောင်ရွက်ရန် ဖရ်ဇ် မပြုမနေရ တာဝန်ပင် ဖြစ်၏။

ထိုသို့ မပြုခဲ့၍ အမွေဆိုင် တစ်ဦးတစ်ယောက်၏ ရပိုင်ခွင့်မှ လက်တစ်တွာခန့် "မြေ"သော်လည်းကောင်း "အပ်" တစ်ချောင်းသော်လည်းကောင်း၊ အခြားအမွေဆိုင်ထံ ပိုသွားခဲ့ပါလျှင် အလွန်ပြင်းထန်ကြောက်မက်ဖွယ်ကောင်းလှသော အစားဇ် အပြစ်ဒဏ်ကို မုချခံရမည် ဖြစ်၏။

# ကြောက်မက်ဖွယ် အစားမ်နှင့် ရင်ထိပ်ဖွယ် သတိပေးချက်

ဟဒီစ်တော်တစ်ရပ်တွင် လာရှိသည်မှာ...

အကြင်သူသည် သူတစ်ပါး၏ "မြေ"တစ်ထွာအား မတရား ရယူခဲ့ပါလျှင် ကိယာမသ် ကမ္ဘာ့တရားစီရင်မည့်နေ့တွင် မြေ ခုနစ်ထပ်အထိ ထိုတစ်ထွာရှိ မြေကြီးများအား ယင်း၏လည်ပင်းတွင် ပန်းကုံးကဲ့သို့ မြေကုံးအဖြစ် ပွဲလုပ်၍ စွတ်စေခြင်းခံရပေလိမ့်မည်။

*ကြည့် (ဗုခါရီကျမ်း)*

အခြားဆင့်ပြန်ချက် တစ်ရပ်တွင် လာရှိသည်မှာ

အကြင်သူသည် သူတစ်ပါး၏ "မြေ" တစ်ထွာအား မတရား ရယူခဲ့ပါလျှင် ကိယာမသ်နေ့တွင် အလ္လာဟ်အရှင်မြတ်သည် ထိုသူ့အား ထိုတစ်ထွာ "မြေ"ကို မြေ ခုနစ်ထပ်ထိ တူးဖော်စေ လိမ့်မည်။ တူးဖော် သောအခါ ထွက်ရှိလာမည့် မြေကြီးများအား အကုံးပြု၍ ထိုသူ၏ လည်ပင်းတွင် ထည့်လိမ့်မည်ဖြစ်၏။ ထို့နောက် စာရင်းအင်းစစ်ဆေးမှု မပြုပြီးမချင်း ထိုသူသည် ယင်းအစာမ် အပြစ်ဒဏ်အား ခံစားနေ ရမည်သား။

*ကြည့် (အဟ်မဒ်ကျမ်း)*

အခြား ဆင့်ပြန်ချက်တစ်ရပ်တွင် လာရှိသည်မှာ

အကြင်သူသည် သူတစ်ပါး၏ "မြေ" အား မတရားရယူခဲ့ ပါလျှင် ကိယာမသ်ကမ္ဘာတရား စီရင်မည့်နေ့တွင် ထိုသူအား မြေ ခုနစ်ထပ်ထိ မြေမျိုသွားစေလိမ့်မည် ဖြစ်၏။

အလ္လာဟ်အရှင်မြတ် ထိန်းသိမ်းတော်မူပါစေ။

အမီးန်။

အထက်ပါ ဟဒီစ်တော်ဟု မြေခုနစ်ထပ်ထိရှိသော မြေကြီးများအား ထိုသူ၏ လည်ပင်းပေါ်တွင် ထည့်မည် ဆိုပါလျှင် "တန်"ပေါင်းမည်မျှ ဖြစ်မည်ကိုပင် မတွေးဆနိုင်ချေ။ အဘယ်မျှပင် ကြောက်လန့်ရင်ထိပ်ဖွယ် ကောင်းလှသော အပြစ်ဒဏ်ပင်ဖြစ်ပေ သတည်း။

## အသက်ဆိုးကလေးငယ်များ၏ ပစ္စည်းအား စားသောက်ခြင်းဟာရာမ်ဖြစ်၏။

"အမွေ"မခွဲဝေပေးခြင်းသည်လည်း ထိုကြောက်မက်ဖွယ်သတင်းဆိုးတွင် ပါဝင်လေ၏။ ထို့ကြောင့် "အမွေ" ခွဲဝေခြင်းကိစ္စနှင့် ပတ်သက်၍ ကျွန်ုပ်တို့သည် အထူးအလေးထား ဆောင်ရွက်ရန် အလွန်အရေးကြီးလှပေ၏။ ဤသည်မှာ ကုရ်အာန်က ပြောနေသော "ဖရ်ဇ်" တာဝန်ပင် ဖြစ်၏။

ဝမ်းနည်းဖွယ်ကောင်းလှသည်မှာ

**ယနေ့ ကျွန်ုပ်တို့၏အချို့ ခေတ်မီ အသိုင်းအဝိုင်းများတွင် ဤအစဉ်အလာသည် ရှိပင် မရှိလောက်သည့် အနေအထားသို့ ဆိုက်ရောက်နေ၏။ အချို့သူတို့သည် မိမိတို့၏ ဆန္ဒနှင့်အညီ "အမွေ"များအား ခွဲဝေရယူလျှက် ရှိနေကြ၏။ ဤသည်သာမက အမွေမခွဲသေးမီမှပင် ရယူသုံးစွဲလိုသူက ရယူသုံးစွဲလိုသည်ကို ကြိုက်နှစ်သက်သလို ရယူသုံးစွဲလျှက်ရှိနေ၏။**

အထူးသဖြင့် သတိထားရမည်မှာ...

**ကျွန်ုပ်ရစ်အမွေဆိုင်များတွင် "အရွယ်မရောက်သေးသော ကလေးငယ် တစ်စုံတစ်ယောက် ပါရှိခဲ့ပါလျှင် ယင်း၏ အစားဗ**

အပြစ်ဒဏ်ပို၍ပင် ကြီးမားလှပေ၏။ အဘယ်ကြောင့်ဆိုသော် "ယသီးမ်" မိဘမဲ့ ကလေး၏ ဥစ္စာပစ္စည်းအား မတရား စားသောက် သုံးစွဲရယူခြင်းသည် "ဟရာမ်"ဖြစ်၏။ ထို့နောက် အများအားဖြင့် အမွေဆိုင်များတွင် အရွယ်မရောက်သေးသော ကလေးငယ်များ ပါတတ်လေ၏။

အများအားဖြင့် အမွေဆိုင်များတွင် 'အစ်ကို'နှင့'အစ်မ'တို့သည် အရွယ်မရောက်သေးသော 'ညီငယ်' 'နှမငယ်'တို့၏ အခွင့်အရေး၌ ပတ်သက်၍လျှော့တွက်ကြလေ၏။ အမှန်စင်စစ် ထိုအရွယ်မရောက် သေးသော 'ညီငယ်' 'နှမငယ်'တို့သည်လည်း ကျန်ရစ်ဥစ္စာပစ္စည်းများ အားလုံးတွင် ထိုအစ်မကြီး အစ်ကိုကြီးတို့နှင့် တန်းတူပင် ပိုင်ဆိုင်ကြ လေ၏။

ထို့ကြောင့် 'အစ်ကိုကြီး' 'အစ်မကြီး'များအနေဖြင့် ထိုအရွယ် မရောက်သေးသော ကလေးငယ်များ၏ ရပိုင်ခွင့်အား သီးခြား ထုတ်နုတ်လိုက်ရပေမည်။ ထိုမှတဖန် ကျန်အရွယ်ရောက် ပြီးသော အမွေဆိုင်များက သဘောတူ ကျေနပ်စွာဖြင့် မိမိတို့၏အမွေအား ပြန်လည်စုပေါင်း၍ သုံးစွဲလိုက သုံးစွဲနိုင်ပေ၏။

## သူဆင်းရဲဟူသည် မည်သူနည်း

ဤဟဒီစ်တော်တစ်ပုဒ်၏ ရှင်းလင်းချက်အား အမြဲတစေ မှတ်သားထားသင့်ပေ၏။

တရံရောအခါက တမန်တော်မြတ် (ဆွ) သည် **အဆ္ဟာဗ်တော်များအား "သူဆင်းရဲဟူသည် မည်သူနည်း"** . . . ဟုမေးမြန်းတော်မူခဲ့၏။

ထိုအခါ . . . . **အဆ္ဟာဗ်တော်များက** . . . . . .

" **ကျွန်ုပ်တို့သည် ငွေရေးကြေးရေးချို့တဲ့သူကို သူဆင်းရဲဟု သတ်မှတ်ကြပါ၏"** . . . . ဟု ပြန်လည်လျှောက်တင်တော်မူ၏။

ထိုအခါ တမန်တော်မြတ်(ဆွ)က ဤသို့ မိန့်ကြားတော်မူခဲ့၏။

ပုဂ္ဂိုလ်တစ်ဦးသည် ကုသိုလ်ကောင်းမှုများအား တောင်များသဖွယ်ယူဆောင်ကာ အလ္လာဟ်အရှင်မြတ်ထံတော်ပါးသို့ ရောက်ရှိလာလိမ့်မည်။ ထိုသူသည် . . .

**နမာဇ် မြောက်မြားစွာကိုလည်း ဝတ်ပြုခဲ့သူဖြစ်လိမ့်မည်၊**

**ဇကာ် (ရ) တသမူကိုလည်း များစွာပြုလုပ်ခဲ့သူဖြစ်ပေမည်၊**

**ဆွာဒ်ကဟ် အလှူဒါနကိုလည်း များစွာပြုခဲ့သူဖြစ်လိမ့်မည်၊**

ထိုသူသည် အရှင်မြတ်ထံတော်ပါး၌ ဝင်ရောက်ခစား လိုက်သည် နှင့် ရပိုင်ခွင့် အခွင့်အရေး ရလိုသူများ ရောက်ရှိလာကြလိမ့်မည်။ အချို့သည် (ထိုကုသိုလ်သည်၏) . . . .

**မတရားဆဲရေး တိုင်းထွာမှု ပြုခံခဲ့ရသူဖြစ်လိမ့်မည်၊**

အချို့သည် မတရားရိုက်နှက် ခံခဲ့ရသူ ဖြစ်လိမ့်မည်။ အချို့သည် မတရားနှိပ်စက်ခံခဲ့ရ သူဖြစ်ပေမည်။ အချို့သည် မတရားဒုက္ခပေး ခြင်းခံခဲ့ရသူဖြစ်လိမ့်မည်။

ဤသို့ဖြင့် 'ကုသိုလ်သည်' ထံမှ ရရှိရန်ရှိသော အခွင့်အရေးရှင်များအားလုံး ရောက်ရှိလာကြလိမ့်မည်။ ထို့နောက် အလ္လာဟ်အရှင်မြတ် ထံတော်ပါး၌ ကိုယ်စီကိုယ်ငှ ရပိုင်ခွင့်များအား လျှောက်ထားတင်ပြကြလိမ့်မည်။

တမလွန် 'အာခေရသ်' တွင် လောက၏ ငွေကြေးအသုံးဝင်လိမ့်မည်မဟုတ်၊ တမလွန်တွင် ကုသိုလ်ကောင်းမှု၏ ဒင်္ဂါသာ အသုံးပြုရပေမည်။ ထို့ကြောင့် မိမိသည်လောကတွင် အခွင့်အရေးတစ်စုံတစ်ရာ နစ်နာစေခဲ့သူကို ယင်း၏နစ်နာမှုအား လျော်ကြေးအဖြစ် ကောင်းမှုကုသိုလ်၏ဒင်္ဂါကိုသာ ပေးချေရမည်ဖြစ်၏။ ဤသို့ဖြင့် အခွင့်အရေးတောင်းဆိုသူတို့၏ အခွင့်အရေးများအား ကောင်းမှုကုသိုလ်ဒင်္ဂါဖြင့် ပေးချေရင်း ပေးချေရင်း အဆုံးတွင် ထိုတောင်ကဲ့သို့ ပါရှိလာသော ကောင်းမှုကုသိုလ်၏ အစုအပုံကြီးသည် ကုန်ဆုံးသွားပေလိမ့်မည်။ သို့သော် ပေးဆပ်ရမည့်အခွင့်အရေးရှင်တို့၏အခွင့်အရေးများ ပေးဆပ်ရန် ကျန်ရှိနေလိမ့်မည်။

လောကတွင် ငွေဥစ္စာကုန်ဆုံးသွား၍ ပေးဆပ်ရမည့် အကြွေးရှင်တို့အား "ဒေဝါလာ" ခံလိုက်ပြီဟူသော အချက်ဖြင့် လွတ်ကင်းသွားနိုင်၏။

**သို့သော်အထူးသတိပြုရမည်မှာ . . . .**

**အလ္လာဟ်အရှင်မြတ်၏ထံတော်ပါးဝယ် "ဒေဝါလာ" ဥပဒေနှင့် ဒေဝါလာခံ၍မရပေ၊ မိမိ၌ ကောင်းမှုဒဂ်ါများမရှိလျှင် ပေးဆပ်ရမည့်အခွင့်အရေးရှင်၏ အပြစ်ငရဲများကို မိမိက တူညီသော တန်ကြေးဖြင့် ရယူရမည်ဖြစ်၏၊ ထို့ကြောင့် ကျန်ရှိ နေသေးသော အခွင့်အရေးရှင်တို့ထံမှ အပြစ်ငရဲများ ရယူရင်း ရယူရင်း မိမိ၌ အပြစ်ငရဲများ၏တောင်ပုံကဲ့သို့ အစုအပုံကြီး ဖြစ်လာပေလိမ့်မည်၊**

ထိုအခါ ထိုကောင်းမှုကုသိုလ်၏အစုအပုံဖြင့် ဂျန္နသ်ထဲ သို့ဝင်ရန် ရောက်ရှိလာသူသည် ယခုတော့ဖြင့် အပြစ်ငနဲများ၏ အစုအပုံနှင့် ဂျဟန္နမ်ငရဲဘုံထဲသို့ ပစ်ထည့်ခြင်းခံရပေလိမ့်မည်။

ထိုသူပင် . . . အမှန်တကယ် 'သူဆင်းရဲ' ပင်ဖြစ်၏။

**(မွတ်စလင်မ်ကျမ်းရှိ ဟဒီးစ်ရှင်းလင်းချက်)**

အထက်ပါဟဒီစ်တော်အား လေးနက်စွာ သုံးသပ်၍ . .

***မိမိသည် သူတစ်ပါး၏ အခွင့်အရေးအားလည်းကောင်း အမွေဆိုင်တို့၏ အခွင့်အရေးအားလည်းကောင်း၊***

***'ယသီးမ်' ဘသက်ဆိုးကလေးငယ်တို့၏ အခွင့်အရေး အားလည်းကောင်း နစ်နာစေသောသူမဖြစ်ပါရန် အထူးသတိပြု ရှောင်ရှားသင့်ပေ၏၊***

မတော်တစ မိမိသည် ထိုကဲ့သို့ကိစ္စတွင် ပါဝင်ပတ်သက်နေလျှင်လည်း လောကဋ္ဌပင် ယင်းကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းခဲ့ပါမှ တမလွန်တွင် တမန်တော်မြတ် မိန့်တော်မူထားသည့် . . . . . . . .

"သူဆင်းရဲ" ဖြစ်ခြင်းမှ လွတ်ကင်းနိုင်ပေလိမ့်မည်။

သို့မဟုတ်ပါက . . . . . .

**မိမိသည် လောကတွင် အခြားသူတို့၏အခွင့်အရေးအား မတရားရယူ၍ လောကတွင် ကုဋေကြွယ်သူဌေးဖြစ်နေပါသော်လည်း တမလွန်တွင် "သူဆင်းရဲ" ဖြစ်နေမည်မှာ မုချပင်...။**

## လူတိုင်းအတွက် စာရင်းမှတ်တမ်း

**အာအိရှာ (ရသွိ)** သခင်မဆင့်ပြန်တော်မူခဲ့သည်။

တမန်တော်မြတ် (ဆွ) မိန့်ကြားတော်မူခဲ့သည်မှာ . . .

**"အလ္လာဟ်အရှင်မြတ်အထံတော်ပါး၌ လူတိုင်း၏စာရင်းမှတ်တမ်း(၃) ခုရှိလေ၏။**

*ပထမစာရင်းမှတ်တမ်း* . . . . . . **နှင့် ပတ်သက်၍ အလ္လာဟ်အရှင်မြတ်က အထူးအလေးမထားပေ။**

*ဒုတိယစာရင်းမှတ်တမ်း* . . . . . . **နှင့်ပတ်သက်၍ အလ္လာဟ် အရှင်မြတ်သည် မည်သည့်အခါမျှ လွတ်ငြိမ်းချမ်းသာ**

ခွင့် မပြုချေ။

*တတိယစာရင်းမှတ်တမ်း .....* နှင့်ပတ်သက်၍ အလ္လာဟ် အရှင်မြတ်က ယင်း၏အစာအား တင်းပြည့်ကျပ်ပြည့် ပြန်လည်ရစေလိမ့်မည်ဖြစ်၏။

ထို့နောက်တမန်တော်မြတ် (ဆွ) သည် အထက်ပါကိစ္စ ရပ်များနှင့်ပတ်သက်၍ ရှင်းလင်းစွာအကျယ်တဝန့် ဤသို့ မိန့်တော်မူခဲ့၏။

**အလ္လာဟ်အရှင်မြတ်က အထူးအလေးမထားမည့် ပထမ စာရင်းမှတ်တမ်းသည် .....**

**အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်သည့် အခွင့်အရေး များအားပျက်ကွက်ခဲ့ခြင်းပင်ဖြစ်၏။**

ဥပမာ .... **နမာဇ်၊ ရိုဇဟ်၊ ဇကားသ်** စသည်များတွင် ဖြစ်ပေါ်ခဲ့သော ချို့ယွင်းချက်များပင်ဖြစ်၏။

ထိုကဲ့သို့သော အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ မိမိ ဘက်မှ ဖြစ်ပေါ်ခဲ့သော ချို့ယွင်းချက်များအား မှတ်တမ်းတင် ထားသော စာရင်းမှတ်တမ်းပင်ဖြစ်ပေ၏။

ထိုချို့ယွင်းချက်ဖြစ်မှု များနှင့် ပတ်သက်၍ အလ္လာဟ် အရှင်မြတ်သည် မိမိ၏ ရဟ်မသ်တော်ဖြင့် လွတ်ငြိမ်းချမ်းသာခွင့် ပြုလျှင်လည်း ပြုပေလိမ့် မည်၊ သို့မဟုတ်ပါက အရေးယူတော် မူလျှင်လည်း အရေးယူတော်မူလိမ့်မည်ဖြစ်၏။

ဒုတိယစာရင်းမှတ်တမ်းတွင် ......

**'ကွဖ်ရ်' ငြင်းပယ်မှုနှင့် 'ရှိရ်(က)' နှိုင်းပြိုင်ကိုးကွယ်မှုများ**

**အား မှတ်တမ်းတင်ထားမည့် စာရင်းမှတ်တမ်းပင်ဖြစ်၏။**

အလ္လာဟ် အရှင်မြတ်သည် 'ကွဖ်ရ်' ငြင်းပယ်ခြင်းနှင့် 'ရှိရ်(က)' နှိုင်းပြိုင်ကိုးကွယ်ခြင်း ၏အပြစ်အား (အမှားဝန်ချတောင်းပန် မှုမပြုလျှင်) လွတ်ငြိမ်းချမ်းသာခွင့်ပြုလိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် အမြဲတစေ 'ဂျဟန္နမ်'ငရဲဘုံ၌သာ နေရမည်ဖြစ်၏။

တတိယစာရင်းမှတ်တမ်းတွင် .....

**အဖန်ဆင်းခံအချင်းချင်း၏ အခွင့်အရေးတစ်စုံတစ်ရာအား နစ်နာစေခဲ့ခြင်းနှင့်ပတ်သက်၍ မှတ်တမ်းတင်ထားသော စာရင်းမှတ်တမ်းပင်ဖြစ်လေ၏။**

ယင်းကိစ္စနှင့်ပတ်သက်၍ အလ္လာဟ်အရှင်မြတ်သည် မြှူမှုန်ခန့်ပင် သက်ညှာလိမ့်မည်မဟုတ်၊ လောကတွင် နစ်နာစေခဲ့သော အခွင့်အရေးများအား တင်းပြည့်ကျပ်ပြည့် ပြန်လည်ရစေ လိမ့်မည်ဖြစ်၏။

## အဖန်ဆင်းခံအချင်းချင်း၏အခွင့်အရေး အားအပြည့်အဝဖြည့်ဆည်းရန် အလေးထားလေကျန်။

အို ..... လေးစားအပ်ပါသော ကျွန်ုပ်၏ စာရှုပရိသတ်နှင့် အစ္စလာမ်ဘာသာဝင်အပေါင်းတို့ခင်ဗျား ...။

ကျွန်ုပ်တို့သည် တမလွန်၏ "သူဆင်းရဲ" မဖြစ်ကြလိုပါလျှင် .......

**ကျွန်ုပ်တို့၏လောကီဘဝသက်တန်းတွင် .....**

**ကျွန်ုပ်တို့၏နုတ်ဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိခိုက်နစ်နာစေမည့် စကားတစ်ခွန်းတစ်ရာမပြောမိစေရန်လည်းကောင်း၊**

**ကျွန်ုပ်တို့၏လက်ခြေတောက်ဖြင့် တစ်ဦးတစ်ယောက်ကိုမျှ ထိခိုက်နစ်နာမှုမဖြစ်စေရန်လည်းကောင်း၊**

**ကျွန်ုပ်တို့၏ ဥစ္စာပစ္စည်းဖြင့် တစ်ဦးတစ်ယောက်ကိုမျှ နစ်နာဆုံးရှုံးမှု မဖြစ်စေရန်လည်းကောင်း၊**

**သူတစ်ပါး၏ဥစ္စာပစ္စည်းအား မတရားရယူ၍ သူတစ်ပါးအား ဆုံးရှုံးနစ်နာမှုမဖြစ်စေရန်လည်းကောင်း၊**

**အထူးလေးနက်တိကျစွာ သတိပြုကြလေကုန်။**

အဘယ့်ကြောင့်ဆိုသော .....

ကိယာမသ် ကမ္ဘာ့တရားစီရင်မည့်နေ့တွင် သူတစ်ပါး၏ ပိုင်ဆိုင်မှု တမတ် ၂၅ါး နှစ်ဆယ့်ငါးပြားကိုပင် ပေးဆောင်ရန် ကျန်ရှိနေပါလျှင် ယင်း၏အစား ကဖူးလ်လက်ခံခြင်း ခံခဲ့ရသော အကြိမ်ပေါင်း (၇၀၀) ၏ နမာဇ်အား ပေးချေရမည် ဖြစ်၏။

ကျွန်ုပ်၏လေးစားအပ်သော စာရှုမိတ်ဆွေများခင်ဗျား.

**ကိယာမသ် နေ့ဆိုက်ရောက်လာမည်မှာ မုချအမှန်ပင်ဖြစ်၏။**

**ထိုနေ့တွင် စာရင်းအင်းစစ်ဆေးဆုံးဖြတ်မည်မှာ မုချ**

**အမှန်ပင်ဖြစ်၏။**

**အဖန်ဆင်းခံများအရှင်းချင်းတို့ဆိုင်ရာ မှတ်တမ်းသည်လည်း မုချအမှန်ပင်ရှိ၏။**

ထို့ကြောင့် .....

ကျွန်ုပ်တို့သည် အမွေခွဲဝေမှုဆိုင်ရာတွင် သက်ဆိုင်ရာအမွေဆိုင်တို့အား ရှရီအသ်တရားတော်၏ ပြဌာန်းချက်အတိုင်း တိတိကျကျမှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန်သက်ဆိုင်ရာအမွေဆိုင်တို့၏လက်ဝယ်သို့ အပ်နှင်းသင့်ပေ၏။

အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အားလုံးအား ရှရီအသ်တရားတော်၏ ပြဌာန်းချက်နှင့်အညီ အမွေခွဲဝေနိုင်စွမ်းချီးမြှင့်တော်မူပါစေသား. . . ။

(ပြန်ဆိုသူ)

**K.B စိုးလွင် (မဟ်မူဒ်)**

ဆက်လက်၍ပြုစုနေသည် .....

**ရှရီအသ်တရားတော်အရ**

# အမွေခွဲဝေမှုပြဌာန်းချက်

အတွဲ (၁) တွင်

အင်န်ရှာအလ္လာဟ် ဆက်လက်ဖတ်ရှုပါရန် . . . ။

# အစွလာမ်နှင့် အမွေပြဿနာ

"အမွေ" အား စောလျင်စွာခွဲဝေပေးသည်နှင့်အမျှ လူတို့သည်လည်း စောလျင်စွာပင် သက်သာမှု ရရှိလိမ့်မည်ဖြစ်၏။ ထို့နောက် အမွေခွဲဝေသည့် ကိစ္စသည် ကြာမြင့်သည်နှင့်အမျှ လူ တို့သည်လည်း ထိုမျှပင်ခက်ခဲမှုများနှင့် အတားအဆီးများဖြင့် ရင်ဆိုင်ရလိမ့်မည်ဖြစ်၏။ အဘယ်မျှပင်ဆိုသော် ...

"ညီအစ်ကို မောင်နှမအရင်းအချာများကပင် တစ်ဦးကို တစ်ဦး သတ်ဖြတ်ရန်အထိ မုန်းတီးမှု များ ဖြစ်သွားတတ်လေ၏။

ထိုသို့ဖြစ်ရခြင်း အကြောင်းရင်းမှာ ...

"တစ်ဦးတစ်ယောက် သေဆုံးကွယ်လွန်သွား သောအခါ ကျန်ရစ်သောသားချင်း၏ စိတ်နှလုံးသားသည် ပျော့ပြောင်းသွားလေ၏။ ရင်ထဲ၌သူသေအတွက် ခံစားချက်ရှိနေလေ၏။ ထိုအချိန်တွင် လောကီရေးမက်မောမှုသည် စိတ်နှလုံးသား၌ အလွန်နွမ်းပါးသွားလေ၏။ ယင်းကဲ့သို့အချိန်တွင် အမွေခွဲဝေရန် အလွန်လွယ်ကူသော ကိစ္စရပ်ပင်ဖြစ်၏။

တဖြည်းဖြည်းကျန်ရစ်သော မိသားစု၏ စိတ်နှလုံးသားမှ သေသူ၏ ဝမ်းနည်းပူဆွေးမှု ခံစားချက်နည်းလာလေလေ၊ လောကီရေး မက်မောမှုနှင့် ချစ်ခင်တွယ်တာမှု များလာလေပင် ဖြစ်၏။ ထို့ကြောင့် အချိန်ကြာမြင့်သွားပါက အမွေခွဲဝေမှု ကိစ္စတွင် များစွာ သော အခက်အခဲများ ဖြစ်ပေါ်လာကာ လူတိုင်းသည် မိမိအလိုဆန္ဒ အတိုင်း ပြုချင်ရာကို ပြုလာလေတော့၏။